# နန်းတွင်းတစ္ဆေ

ချောက်ချောက်ချားချားဝတ္ထု



ခိတ်ခါလ်မြသန်း

## ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ၊ ပထမအကြိမ်

အုပ်ရေ (၅၀၀)၊ တန်ဖိုး ၃၀၀ကျပ်

**စီစဉ်သူ** - ကိုမျိုးဟိန်းထွန်း

**မျက်နှာဖုံး၊ဒီဇိုင်း** - ကိုမျိုးဟိန်းထွန်း

**ကွန်ပျူတာစာစီ** - "ဆုမွန်"

**အတွင်းပုံနှိပ်** - ကိုခင်မောင်း မြ(၁၀၄၀၃)
(ဟိန်းတောက်ထွန်း ပုံနှိပ်တိုက်)
အမှတ်(၉)၊ ရန်မြေ-၂၂လမ်း၊
၃ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန်
သင်းစာပေ မြ (၀၄၂၃၂)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ့စာအုပ် ကက်တလောက်အညွှန်း (CIP)

| | |
|---|---|
| စိတ်ဓါတ်မြသန်း | 398.2 |
| နန်းတော်တာရွေ | |
| သင်းစာပေ၊ ၂၀၁၄၊ ရန်ကုန် | |
| ၁၂၈-စာ၊ ၁၂×၁၈ စင်တီ။ | |
| ၁။ နန်းတော်တာရွေ | |

စိတ်ဓါတ်မြှသန်း

# နန်းတော်တစ္ဆေ

ချောက်ချောက်ချားချားသရဲဝတ္ထု

# မာတိကာ


| | | |
|---|---|---|
| ၁။ | နန်းတော်တခွေ | ၇ |
| ၂။ | တံငါသည် ဘဝအကြို | ၁၃ |
| ၃။ | သရဲမ | ၁၇ |
| ၄။ | အင်းဝဘုရင် ဆင်ဖြူရှင်နှင့် နတ်သမီး | ၂၇ |
| ၅။ | သရဲနဲ့ ဓုကွ | ၃၀ |
| ၆။ | မနှင်းဆီလား ဝိညာဉ်လေလား | ၃၈ |
| ၇။ | မကောင်းဆိုးဝါးနတ်မိစ္ဆာ | |
| ၈။ | ကြိုးကြာငှက်ရဲ့ အသက် | ၆၂ |
| ၉။ | သရဲမေးတဲ့ ဥစ္စာ | ၇၂ |
| ၁၀။ | ကျပ်ပိတ္တာ | ၈၀ |
| ၁၁။ | ထာခွေ | ၈၈ |

# နန်းတွင်းတစ္ဆေ

သက္ကရာဇ် ၁၀၁၀တွင် သာလွန်မင်းတရားအနိစ္စရောက်၍ ငါးဆူဒါယကာ ပင်းတယမြို့စား မင်းရဲနန္ဒမိတ် နန်းတက်သည်။

တရုတ်တို့နှင့် စစ်ဖြစ်သည်။

ညီတော် တောင်ငူမင်းပြည် မင်းတို့ကိုခေါ်ယူ၍ နှိမ်နင်းရသည်။ ပြည်သူပြည်သားတို့လည်း စစ်မက်ရေးကြောင့် စားဝတ်နေရေး ဒုက္ခရောက်ကြရသည်။

နက္ခကို ကာယ်တော်မူပါဟု မှူးမတ်တစ်ဦးလျှောက်လျှင် ၁၀၂၉ ခု နယုန်လဆန်း (၇)ရက် သောကြာနေ့တွင် ပြည်မင်းသည်

အင်းဝနန်းတော်သို့ မနက်အိပ်ရာထချိန်၌ အလုံးအရင်းနှင့်ဝင်၍ လုပ်ကြံသည်။

ရွှေနန်းရှေ့ရောင်မှ တိုက်စည်သံကိုကြားလျှင် မိန်းမစိုးဥသသ မည်ငတော်တို့ကို ထွက်၍ကြည့်စေရာမှ ပြည်မင်းလုပ်ကြံမှန်း ငါးဆူ ဒါယကာသိလေသည်။ ပြည်မင်းနန်းတော်တွင်းသို့ ဝင်လာသောအခါ အစ်ကိုတော် မင်းရဲနန္ဒအိတ်က ပုန်းနေလေသည်။

မိဖုရားမှုကား ရှစ်နှစ်အရွယ်သားတော်မင်းရဲသိခ်ကို လယ်ယာ၊ မြေးတော်နရာဒိဗ္ဗလေးနှစ်အရွယ်ကို လက်ဝဲကထားလျက် သလွန်ပေါ်တွင်နေသည်။

ပြည်မင်း၏ ရဲမက်တို့သည် နန်းဆောင်ကထွက်ပြီး ပြည်မင်းသား ပြည်မှ ငါးဆူဒါယကာမင်းရဲနန္ဒမိတ်သည် ပုန်းကွယ်ရာမှထွက်လာပြီး မိဖုရားသားတော်နှင့် မြေးတော်တို့နှင့်အတူ သလွန်ပေါ်တွင် ပြန်နေ၏။

နောင်တော်အား လုပ်ကြံလို၍ လုပ်ကြံသည်မဟုတ်ပါ။ ရဲမက် ကိုယ်ရံတော်များ အကြိမ်ကြိမ်လျှောက်ထား၍ သံယာအား ဘုရားမလွန်သာဟူသကဲ့သို့ဖြစ်ရပါသည်"ဟု ပြည်မင်းက လျှောက်

သည်။

ထိုအခါ မိဖုရားက…

"အမောင် မင်းမြတော်၊ ငါတို့လည်း အဆောင်ခြေရင်းမှာ သီတင်းသီလဆောက်တည်နေပါမည် အမောင်တူတော်နှင့် မြေးတော်ကို ရဟန်းပြုခွင့်ပြုပါ"

ပြည်မင်းသား တူတော်၊ မြေးတော်သည် ရှေ့လျှောက်လူဖြစ်ရဦးမယ်ဆိုသည်။ မိဖုရားက "အမောင်သင့်သလိုပြုပါ" ဟုဆိုလျှင် ငါးခုဒါယကာမင်းနှင့် မိဖုရား၊ သားတော်၊ မြေးတော်၊ မင်း ၄ ပါးတို့အား စားတော်ဦး နေ့စဉ်ပို့ဆက်စေ၍ ကောင်းမွန်စွာနေစေသည်။

မှူးမတ်တို့က နေ ၂၀ ငင်းထွက်သည်မရှိကောင်းဟု ချောက်တွန်းစကားဆိုကြပြန်သောကြောင့် အစ်ကိုတော် မရီးတော်နှင့် တူတော်မင်းပေါင်း ၄ ပါးကို သလွာဝတီအေသချင်းတွင်းမြစ်ရေတွင် ဖျောက်၍ခဲ့သွားသည်။

ရေမဖျောက်ခင် ခေါ်သွားစဉ် လမ်းတစ်လျှောက်၌ မရီးတော် မိဖုရားက "ငါ့ဝါးဖတ်နှင့် ကြိုးပြင်းရသူက ဖြင်မှားချေတော့သည်" ဟု

တစ်လမ်းလုံး ငိုယိုသွားပေသည်။

ပြည်မှင်း နန်းတက်ရောက်လုပ်ကြံစဉ် နန်းတွင်းသားများကို ဓား၊ လှံ သေနတ်တို့နှင့်ပစ်သတ်ထိုးခုတ်ကြရာ နန်းတော်နန်းအောက် ရောက်နန်တော်တို့တွင် နန်းတွင်းယောကျ်ားမိန်းမ ၂၀ကျော် သေဆုံးခဲ့ကြသည်။

ထိုသေဆုံးသူများထဲတွင် ရေနံဘုန်းတော်ကြီး၏ ညီ ဒေဝ သူရဲ၏တူ ကန်ဂုလာရွာစား ငွေချော်လည်း နန်းတွင်း၌ပင် သေသည်။

နန်းတွင်း နန်းပြင်သေသူတို့ရဲ့ သွေးတဝေ့ဖြစ်ကြပြီး ဖမ်း ခြောက်လှန့်သည်။

နန်းတော်အထက်မှပင် ပုဆိုးကဝတ်ဖြန့်ပြ၍ ခြောက်သည်။ နန်းတော်၏ ခေါင်မိုးပေါ်တွင် ကိုယ်ထင်ပြကာ ဟိုမှသည်မှ လမ်း လျှောက်ပြသည်။

ဥမ်းပြင်ကိုလည်း ဝုန်းဝုန်းဒိုင်းဒိုင်း ခုန်ပေါက်ပြေးလွှားပြ သည်။

အိပ်ခန်းဆောင်တွင်လည်း ကိုယ်လုပ်တော်အဆောင်မြ

မျိုးမတ်တို့ကို တွန်းချခြောက်လှန့်သည်။

မီးခွက်မီးတိုင်များကိုလည်း အကောင်အထည်မမြင်ရဘဲ မီး မှုတ်ငြိမ်းသတ်ပြသည်။

ထိုအခါ လိပ်ပြာလန့်၍ အတွင်းသူ မောင်းမ ၃ယောက်၊ မျိုးမတ် ၂ယောက်ပင် တစ္ဆေခြောက်လှန့်ဖမ်းဆီးသည့် အန္တရာယ်နှင့်ပင် သွေးလန့်၍ သေသည်။

ထို့ကြောင့် သစ်ဆိပ်ပင်ဆရာတော် ပုဏ္ဏားတော် ခုံတား ရှာစား ကန့်ကြီးရှာစား၊ ရှာသစ်ရှာစားတို့နှင့် ဖျာသီမြို့စား မြို့သစ်စား တို့က သရဲတစ္ဆေတို့ကို မန်းမှုတ်ရွတ်ဖတ်နှင်လွှတ်ရာ သူရဲတစ္ဆေ တို့ နန်းတွင်းမှာ မနေသာတော့ဘဲ ထွက်ပြေးငြိမ်သက်ရကြောင်း ရေနံကုန်းတော်ကြီးသွင်းစာတွင် ဆိုသည်။

အင်းဝမြို့တည်ရာ တစ္ဆေဖျက်၍ ပျက်ရခြင်း သက္ကရာဇ် ၆၆၅ ခုနှစ်တွင် သီဟသူမင်းကြီး၊ အင်းဝမြို့ကို ၄ ကြိမ်တည်ရာ မအောင်ချေ။

တစ်ကြိမ်ကား ရေဖျက်သည်။

တစ်ကြိမ်ကား ငါးကြီးအိမ်တိုင်တက်၍နေသောကြောင့် ပျက်သည်။

တစ်ကြိမ်ကား လိပ်အိမ်တိုင်တက်၍နေသောကြောင့် ပျက်သည်။

တစ်ကြိမ်ကား ဘီလူး တစ္ဆေတို့ ပန်းနီပန်လျက်အနောက် တောင်ထောင့်အရပ်မှ အုတ်ခဲနှင့်ပစ်၍ လူအပေါင်းများနာ၍ သေကြရသည်။

အနောက်သာလွန်မင်းတရားကြီး လက်ထက်တွင်လည်း ဘီလူး တစ္ဆေတို့ ကိုယ်ထင်ပြခြောက်လှန့်သော် ငါတို့သည် မဟာမြေရာဇာမင်းတရားကြီး၏ ကျွန်ဟုဆိုလျှင် ဘီလူး တစ္ဆေတို့ ခြောက်လှန့်၍ မခံနိုင်ဘဲ ကွယ်ပျောက်ရသည်။

(မဟာရာဇဝင်တော်ကြီး ဆင့်မတွဲ)

❖ ❖ ❖

# တံငါသည် ဘဝအကြုံ

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတာ သိပ်မဝေးဘူး။ တိရစ္ဆာန်တွေဆိုတာ မျက်မြင်ပဲ။ ပြိတ္တာ၊ အသူရကာယ်တွေကို တချို့လူတွေ တွေ့ဖူးနေကြသည်။

သူတို့ဘဝတွေက ရင်နင့်စရာ၊ အသည်းနာစရာ၊ ဒါတွေက လွတ်အောင်က သီလပဲအားကိုးစရာရှိနေသည်။

တံငါသည် ခုံဦးသည် မြစ်ပြင်ပင်လယ်တွင် ငါးဖမ်းထွက်လေသည်။ ငါးတစ်ကောင်မှ မပါဘဲ ရွှေအဆင်းတု ဘုရားကလေး

တစ်ရှု ဗိုက်ထဲမှာ ပါလာသည်။

တံငါသည် သုံးဦးသည် ငါးတစ်ကောင်မှရ၍ ပါလာသော ပစ္စည်းကို သုံးပိုင်းပိုင်းပြီး ဝေယူမယ်လို့ ပြောလိုက်သည်။

ကျန်တံငါသည်တစ်ယောက်က မလုပ်ပါနဲ့လို့ တားနေသည်။ ကျန်နှစ်ယောက် ဗုဒ္ဓဘာသာဝင် တံငါသည်မဟုတ်ပေ။ သုံးပိုင်းဝေယူရန် ဆန္ဒစောနေမိသည်။

တံငါသည်မောင်ညိုက မလုပ်ကြရန် တားမြစ်နေ၏။ ကျန်နှစ်ယောက်က သဘောမတူကြပေ။

တံငါသည် မောင်ညိုသည် သူ့အတွက်ရတဲ့ အပိုင်းကလေးကို တရိုတသေ ကိုးကွယ်ထားသည်။ ကျန်တံငါသည်တို့ ရောင်းချ သောက်စားပျော်ပါးသုံးစွဲ၍ ကုန်လေသည်။

တစ်နေ့သောအခါတွင်ကား...

ပင်လယ်ပြင်ဝတွင် ငါးရာမွေချိန်တွင် ရတ်တရက် လေရော မိုးရော မုန်တိုင်းထန်ပြီး ပင်လယ်ပြင်သို့ မျောပါသွားလေသည်။

ပင်လယ်ပြင်တွင် မိမိသုံးဦးသည် အသက်ရှင်ရန်အတွက် ကြိုးပမ်းနေရသည်။

ဒီရေလှိုင်းလုံးနှင့်အတူ တံငါသည် သုံးဦးလှိုင်းဒဏ်ကြောင့် လှေဝမ်းကွဲပြီး ပင်လယ်ပြင်လက်ပစ်ကူးနေရသည်။

တံငါသည် မောင်ညိုသည် လှေဝမ်းကွဲ တစ်ပြားဖက်လျက် မြစ်ပြင်မှာ မျောလာပြီး ကျွန်းကြီးတစ်ကျွန်းကို ကပ်မိသွားသည်။

ရွာကြီးတစ်ရွာကို တွေ့ရသည်။

မောင်ညိုသည် ကျန်သူငယ်ချင်းအား ရှာဖွေခဲ့သည်။ တစ်ဦး တစ်ယောက်မှ မတွေ့ရပေ။ မိမိသူငယ်ချင်းများအတွက် ဝမ်းနည်းမိသည်။

တံငါသည် မောင်ညိုသည် အားယူ၍ ရွာထဲကိုဝင်၍ အကူ အညီတောင်းခံလိုက်သည်။

ကံအားလျော်စွာ သူဌေးနီးပေါင်းနှင့်တွေ့ရသည်။

မောင်ဝိုင်းကို သူဌေးပေါင်းအိမ်သို့ ခေါ်သွား၏။ ကောင်းမွန် စွာ ဧည့်ခံကျွေးမွေးပြုစု၏။ လင်ယောက်ျားအားတွေ့၍ မျက်ရည် ဝိုင်းနေသည်။

ဟန်မပျက်နေကြသည်။

ညီအစ်ကိုမသိတာသိအချိန်တွင်

"လာကြပေါ့..."

ဟာစ်အော်လိုက်သောအသံကြောင့် လူတစ်စုမှာ တော

နက်ထဲဝင်သွားကြသည်။

ကျွန်းကြီးတစ်ကျွန်းမှာ တစ်လောကလုံး တိတ်ဆိတ်မှောင်

ကျပြီး ကယ်ပါ။ ယူပါ တဘာဆာအော်ဟာစ်နေကြသည့်အသံကို

သဲ့သဲ့ကြားနေကြရသည်။

နံနက်ခင်းတွေနေကြအချိန်မှာ ပြန်လာကြသည်။ အမျိုးမျိုး

မေးသော်လည်း မပြောပေ။

မောင်မိုင်းသည် ဇနီးသည်ကို မရရအောင် မေးလိုက်သည်။

"မင်းတို့က ဘာတွေလဲကွ။ ဘာတွေဖြစ်တာလဲ၊ မောင်ကြီး

ကိုပြောပြပါ။ တတ်နိုင်သမျှ အကူအညီတွေ ပေးပါ့မယ်"

"မောင်ကြီး...ကျွန်မတို့က နေ့မှစ်ပြီး ညမှာ ခွေးနက်ကြီး

အစားခံရတဲ့ အသူရကာယ်တွေပါ"

"ငိုပြီး ဘဝပေါင်းက ချစ်လင်ဇကို ပြောပြလိုက်သည်။

ငါပြန်တော့မယ်ကွာ၊ ဟိုရောက်လို့ရှိရင် မင်းတို့အတွက်

အလှူခါနဲ့တွေပြုပြီး အမျှဝေပါမယ်၊ ဘာမှ အားမငယ်ပါနဲ့…"

"ရာသီဥတုကောင်းပြီ မောင်ကိုးပြန်တော့မယ် နှုတ်ဆက်ပါတယ်"ဟု ပြောလိုက်သည်။

ရွာပြန်ရောက်သည့်အခါတွင် မောင်မှိုင်းသည် သံဃာတော်များအား လှူဒါန်းကုသိုလ်ပြုပြီး ဘဝဟောင်းက ဇနီးအား အမျှပေးဝေလိုက်သည်။

❖ ❖ ❖

# သရဲမ

မနက်ခင်း...

လမ်းလျှောက်ထွက်ရင်း မိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်သည်။ သူမသည် အထုပ်ကလေးပိုက်ပြီး တစ်ယောက်တည်း လမ်းပေါ်တွင် လျှောက်သွားနေသည်။

သွားတာ အလွန်နှေးသည်။

ဘမောင်က အံ့ဩတာနဲ့ ရှေ့တိုးပြီး သွားကြည့်၏။

အသက် ၁၆နှစ်၊ ၁၇ နှစ်အရွယ် မိန်းမချောလေးတစ်ဦး ဖြစ်နေသည်။

"ဘာဖြစ်လို့ အစောကြီးတစ်ယောက်ထဲ လျှောက်သွားနေ

တာလဲ"

"လမ်းပေါ်ကလူဟာ ကျွန်မရဲ့ စိတ်ဒုက္ခကို ဖြေဖျောက်ပေးနိုင်မှာမဟုတ်ဘူး။ ရှင်မေးမနေပါနဲ့နော်"

"မင်းမှာ ဘာစိတ်သောက ရောက်စရာရှိလို့လဲ၊ ကူညီဖို့လိုတယ်ဆိုရင် ကျွန်တော်တို့ ငြင်းဆန်မှာမဟုတ်ဘူး"

မိန်းမပျိုဟာ သနားစရာအမူအရာနဲ့ ပြောလိုက်သည်။

"ကျွန်မ မိဘတွေဟာ ငွေမက်ပြီး ကျွန်မကို ချမ်းသာတဲ့ အိမ်မှာရောင်းစားကြတယ်၊ အဲဒီအိမ်က မယားကြီးက သိပ်မနာလိုဝန်တိုပြီး ကျွန်မကို နေ့ရောညပါ အမျိုးမျိုးပြသနာရှာပြီး ရိုက်နှက်တယ်။ သူတို့ ဒီလိုနှိပ်စက်တာမခံနိုင်တော့ သူတို့နဲ့အဝေးကို ထွက်ပြေးမလို့ပါရှင့်..."

" ဘယ်လိုသွားဖို့ စိတ်ကူးသလဲ"

ထွက်ပြေးလာတာကိုတော့ ဘယ်သွားမလဲဆိုတာ ကျွန်မဘယ်လိုလုပ်ပြောလို့ရမလဲ၊ ဒီတစ်ခါပြန်မိရင်တော့ ကျွန်မတော့ ကျွန်မဘဝကို မတွေးရဲဘူးပေါ့"

"ကျွန်တော့်အိမ် ဒီနားမှာရှိတယ်၊ ခင်ဗျားအတွက်

ကျွန်တော်စီစဉ်ပေးမယ်"

မိန်းမပျိုသည် အလွန်ဝမ်းသာသွားပြီး သူ့နောက်လိုက်သွားသည်။

ဘမောင်က မိန်းမပျိုအထုပ်ကိုကိုင်ပြီး အိမ်ကိုခေါ်သွားသည်။

မိန်းမပျိုသည် အိမ်မှာလူမရှိတာတွေ့တော့ မေးလိုက်သည်။

ရှင့်အိမ်မှာ လူမရှိပါလား

ဒါ ကျွန်တော် သီးသန့်ဆောက်ထားတဲ့အိမ်ပါ

ဒီနေရာ အလွန်ကောင်းတယ်၊ ရှင် ကျွန်မကို သနားတယ်၊ ကျွန်မကို ကယ်မယ်ဆိုရင် ဘယ်သူ့မှမပြောပြပါနဲ့လို့ တောင်းပန်ပါတယ်"

မိန်းမပျိုဟာ ဘမောင်တို့အိမ်မှာပဲ ပုန်းနေသည်။

ဒီအကြောင်းကို တခြားသူတွေ မသိကြချေ။

ဘမောင်ဟာ သူ့မိန်းမရှေ့မှာ တစ်ခွန်းတစ်စကားမှ မပြောထွက်သည်။ ဘမောင်စကားကြားရပြီး မိန်းမပျိုကို ပြန်ပို့လိုက်ပါလို့ ယောကျ်ားကို နားချနေသည်။

ဘမောင်သည် မိန်းမစကားကို နားမထောင်။

တစ်ရက်မှာ

ဘမောင်သည် ရွာထိပ်ဇေသာင်ပင်အောက်တွင် ထိုင်နေသည်။ ဖိုးသူတော်တစ်ပါးနဲ့တွေ့သည်။ ဖိုးသူတော်သည် ဘမောင်ကို သူ့ကိုမြင်တာနဲ့ အံ့ဩတဲ့အမူအရာနဲ့ မေးလိုက်သည်။

"ခုတလော ဘာမျှားတွေ့သလဲ"

"မတွေ့ဘူး"

ဘမောင်သည် ဖိုးသူတော်ကြီးမေးသည့်စကားကို အလျှင်အမြန် မတွေ့ဘူးဟု ဖြေဆိုလိုက်သည်။

"အခင်း မင်းတစ်ကိုယ်လုံး မကောင်းတဲ့အရိပ်အာငွေ့တွေ ဖုံးနေတယ်။ မင်းက မတွေ့ဘူးလို့ ဘယ်နှယ်ပြောတာလဲ"

"ကျွန်ုပ်နားမလည်နိုင်တာက ကမ္ဘာပေါ်မှာ သေသောအနှိုက်တာ နေတာတောင် မိမိကိုယ်မိမိ မသိနားမလည်သေးတဲ့လူ ရှိနေသေး တာပဲ"

ဘမောင်သည် ဖိုးသူတော်ကြီးစကားကြားရပြီး မိန်းမပျို အပေါ် သံသယဝင်လာသည်။ ဒါ့ရပမဲ့ တစ်ဖက်လှည့်တွေးလိုက်

တော့သည်။

သူမသည် မိန်းမချောဖြစ်ရက်နဲ့ ဘယ်လိုလုပ်ပြီး မကောင်းဆိုးဝါးဖြစ်နိုင်မှာလဲလို့ တွေးသည်။

ဖိုးသူတော်ကြီးဟာ ငွေရဖို့ ပယောဂတွေဘာတွေ ကုစားနေလို့ပြောတာဖြစ်မယ်ဆိုပြီး ဘမောင်ဖါတွေကို မေ့ထားလိုက်သည်။

မိန်းမပျိုလေးက ထွေးခြားချက်ရှိသည်။

အိမ်သို့ရောက်သည်။

တံခါးပိတ်ထားၿပီ။

ဝင်လို့မရဘူး။ မိန်းမပျိုတစ်ခုခုလုပ်နေသည်။

ဝင်းထရံ ကျိုးပေါက်နေတဲ့နေရာကနေ ဝင်သွားသည်။ အိမ်တံခါးလည်း ပိတ်ထားတာတွေ့ရသည်။ အသာလေး ပြတင်းပေါက်နားကပ်သွားပြီး ချောင်းကြည့်သည်။

ကြက်သီးမွေးညှင်းထမလောက် ကြောက်ရွံ့မိသည်။

သဲရဲ့တစ်ကောင်။

မျက်နှာစိမ်းဖန့်ဖန့် အစွယ်တွေသွားတွေလည်း ပါးစပ်အပြင်ထွက်နေတယ်။ လွှသွားလို ဖြစ်နေသည်။

လှအရေခွံတစ်ချပ်ကို ကုတင်ပေါ်ဖြန့်ထားသည်။ လှအရေခွံကို မကိုင်လိုက်သည်။

သရုမသည် စုတ်တံတစ်ချောင်းကိုင်ပြီး လှအရေခွံကို မကိုင်လိုက်သည်။ လှအရေခွံကို ဆေးခြယ်လိုက်သည်။

စုတ်တံကို ချလိုက်သည်။

လှအ  နိုင်လိုက်ပြီး ဘာကို့ခါသလို အသာခါလိုက်ပြီး ကိုယ်ပေါ်

လှပ  မပျိုအသွင်။

ဘမောင်သည် မျက်စိမျက်နှာပျက်ပျက် ကြောက်ကြောက်ရွံ့ရွံ့နဲ့ မြင်တာနဲ့ ကြောက်လွန်းလို့ လေးဘက်ကုန်းထွက်လာတော့သည်။

ဖိုးသူတော်ကြီးကို ချက်ချင်းလိုက်ရှာသည်။

ဘယ်ရောက်သွားမှန်းမသိတော့။ နေရာအနှံ့ လိုက်ရှာသည်။ ရွာရဲ့အနောက်ဘက် ဇရပ်တွင် တွေ့လိုက်သည်။

ဒူးထောက်၍ ဖိုးသူတော်ကြီး ဦးချလိုက်သည်။

"တပည့်တော်ကို ကယ်တော်မူပါဘုရား"

မိုးသူတော်ရှစ်ပေါ်တွင် ထိုင်နေခဲ့သည်။

“ကောင်းပြီလေ၊ သရဲမ မောင်းထုတ်ပေးမယ်။ ဒီ သရဲကို ထည့်ဖို့ သနားစရာပဲ အစားစောင့်သူတွေ ရှိခဲ့တယ်။ ကျုပ်လည်း သူ့အသက်ကို မသတ်ချင်ပါဘူး”

စမအင်းပြားကို အိမ်တံခါးဘက်မှာ ချိတ်ထားဖို့ မှာလိုက်ပါသည်။

“ကဲ… သွားပေတော့၊ အနွယ်ရဲ့ပယ်ကက်ဝင်းရှိအောင် စီမံပေးလိုက်မယ်၊ ယုံကြည်စိတ်ချ အိမ်ပြန်ပေတော့”

ပိကြွဲ သဘောကြောင်သည့် အိမ်ပြန်ရောက်ပြီး အိမ်ဝတွင် အမှတ်တမဲ့ အင်းစမပြားကို ချိတ်ထားလိုက်သည်။

သန်းခေါင်ကျော်အချိန်မှာ အပြင်ဘက်မှာ ချွတ်ချွတ်ချွတ် ချွတ်အသံကြားနေရသည်။ ဘာရယ်မှန်းသည့် ကိုယ်ပိုင်ထွက်မကြည့်ရဲ၊ မိန်းမကို ချောင်းကြည့်နိုင်းခဲ့သည်။ စိတ်ထဲမှာ စိုးကန့်ဖြစ်သွားသည်။

သင်္ချိုင်းသည့် မိုးသူတော် အနွယ်ရဲ့ပယ်ကက်ဝင်း အင်းစမကြောင့် မဝင်ရဲလို့ နေရာတွင်ရပ်ပြီး အံဝါကြိတ်ကြိတ်လုပ်နေသည်။

ဘမောင်သည် ကြက်သီးတွေတော့ တဖျန်းဖျန်းထနေသည်။

"ဒါဆို တားတယ်ပေါ့၊ ငါပါးစပ်ထဲရောက်နေတဲ့ အစာကို ပြန်အန်ထုတ်ရမတဲ့လား"

ပြောပြောဆိုဆို တံခါးကိုဖွင့်လိုက်သည်။ ဘမောင်ပုန်းနေတဲ့ နေရာကို ရောက်လာပြီး ဘမောင်ရဲ့ ဝမ်းဗိုက်ကို ခွဲဖြဲလိုက်သည်။

သရဲမ ထွက်သွားသည်။

ဘမောင်မိန်းမသည် ကယ်ပါလို့ အော်လိုက်သည်။ အိမ်နီး နားချင်းတွေဟာ အော်သံကြားလို့ ပြေးဝင်လာကြသည်။ ဖယောင်း တိုင်မီးအောက်မှာ ဘမောင်သေနေသည်။

ဗိုက်ထဲက သွေးတွေလည်း မြေကြီးပေါ် စီးကျနေသည်။

ရွာထိပ်မှာ နေရှိနေရာမှာ ဘိုးသူတော်ဆီ အကြောင်း ကြားခိုင်းသည်။ ဘိုးသူတော်သည် အကျိုးအကြောင်းသိပြီး စိတ်ဆိုး နေသည်။

"ဒါ‥ဒကာမကို သနားလို့ သူ့အသက်ကို မသတ်တာ၊ ဒီသရဲမဟာ ဒီလောက်တောင် သောင်းကျန်းပါလား"

ဘိုးသူတော်ကြီးသည် ခေါင်းမော့ပြီး အရပ်လေးမျက်နှာကို

ကြည့်လိုက်သည်။

"ဘာမှ မပူနဲ့ သရဲမ သိပ်ဝေးဝေးမရောက်သေးဘူး"

"တောင်ပိုင်းက ဦးကျားအိမ်မှာ ရောက်နေပြီး"

"ကျွန်တော့်အိမ်ပါ"

အခု သရဲမ မင်းအိမ်မှာရှိတယ်။

ဦးကျားက မယုံဘူး။

ဖိုးသူတော်က မေးလိုက်သည်။

"မင်းအိမ်ကို မသိတဲ့လူတစ်ယောက်ယောက်များ လာသေးလား"

ဦးကျားက

"ဖိုးသူတော်ကြီးပြောတဲ့အတိုင်း ဖြစ်နေပြီ၊ မိန်းမနက် အဖွား ကြီးတစ်ယောက် ရောက်လာတယ်။ ကျွန်တော့်အိမ်မှာ အိမ်အကူ လုပ်ချင်လို့ဆိုတာနဲ့ ကျွန်တော့်မိန်းမက ခေါ်ထားလိုက်တယ်။ အခု ရှိသေးတယ်။

"အဲဒါ မကောင်းဆိုးဝါး သရဲမပဲ"

ဖိုးသူတော်ကြီးသည် ဦးကျားနဲ့အတူ သရဲမအိမ်ဘက် သို့

ထွက်လာခဲ့သည်။ ဖိုးသူတော်ကြီးဟာ ဒိဗ်ဝင်းသစ်သားကို သံလျက် ရှည်တစ်ချောင်းဝှိုင်ပြီး ခြံဝင်းအလယ်မှာ ရပ်လိုက်သည်။ အသံ အကျယ်ကြီးနဲ့ အော်ငေါက်လိုက်သည်။

"သရဲဆို...သရဲမထွက်လာခဲ့လော့..."

သရဲမကြီးဟာ ကြောက်လို့ မျက်စိမျက်နှာပျက်နေသည်။ အပြင်ကို ထွက်လာသည်။

ဘိုးသူတော်ကြီးလည်း ခက်ထန်လှသော သရဲမအား သိမ်ဝင်သန်လျက်ဖြင့် ရိုက်ခတ်ဖယ်ရှားလိုက်သောအခါ

သရဲမမှာ ဂုတ်ခနဲခွေလဲပြီး အပူကြီးပူလောင် လူးလိမ့်ကာ

"ချမ်းသာပေးပါ ဖိုးသူတော်ကြီး၊ တပည့်တော်မ ဖိုးသူတော် အစွမ်းကို မသိလို့၊ မွေမယူပါနဲ့၊ ချမ်းသာပေးတော်မူပါ ဖိုးသူတော် ကြီးရယ်"

"အောင်မယ်... ဟေ့ သရဲမ နင်သူများအသက်ကို သတ်ပြီးကိုယ့်အသက်ကျတော့ ကြောက်သလား"

သရဲမကြီး ငိုကြီးချက်မနှင့်ပြောကာ လက်စုံဆယ်ဖြာနှင့် အခါခါကန်တော့ပြီး တောင်းပန်ရှာသည်။

သရဲမဟာ ဝမ်းလျားမှောက်လဲကျသွားသည်။

"အမယ်လေး မူလှချည်ရဲ့ လောင့်ရှုချည်ရဲ့"

ညည်းညူကာ ငါးရံ့ပြာလူးဖြစ်နေသည်။

သရဲမသည်

ဘိုးသူတော်သည် ဘူးသီးခြောက်တစ်လုံးယူထုတ်ပြီး အဆို့ကိုဖြုတ်လိုက်တာနဲ့ မိန်းမလုံးဟာ ဘူးသီးခြောက်ထဲ တိုးဝင်သွားသည်။

သူ့ပါးစပ်ထဲ မီးခိုးရှိုက်သွင်းလိုက်သလို

ခဏနေတော့ မီးခိုးလည်း ကုန်လေသည်။

ဘိုးသူတော်ကြီးဟာ ဘူးသီးခြောက်ကို အဆို့ဆို့ပြီး ဒီဝိတ်ထဲ ထည့်လိုက်သည်။ လူအစေရှုံးကိုကြည့်လိုက်တော့ မျက်စိ မျက်နှာ လက်ခြေအကုန်အစုံသည်။ ဘိုးသူတော်ကြီးက ၎င်းကိုဒီဝိတ်ထဲ ထိပ်ထည့်ပြီး နတ်ဆက်ထွက်သွားလေတော့သည်။

❖ ❖ ❖

## ဆင်းဝေရှင် ဆင်ဖြူရှင်နှင့် နတ်ကေး

ရတနာပူရ အင်းဝမြို့တွင် မင်းကြီးစွာစော်ကဲ၏ သားတော် ဆင်ဖြူရှင်တရဖျားသည် ၇၆၂ ခုနှစ်တွင် နန်းတက်စံလေသည်။

မင်းဖြစ်၍ ၅လ ရှိသော်အခါ တောကစားထွက်တော်မူလေသည်။

မှူးမတ်တော်အပေါင်းတို့နှင့်ထွက်လာတော်မူ၏။

တောသို့ရောက်သော် သမင်လိုက်ကြသည်။ သမင်လိုက်ကြရင်း မင်းကြီးသည် မှူးမတ်တို့နှင့်ကွဲကာ တောချုံထူထပ်သော

အရပ်သို့ တစ်ယောက်တည်းရောက်လာလေသည်။

တောကြီးထဲတွင် မင်းကြီးတစ်ပါးတည်း ယောင်လည် ယောင်လည်ဖြစ်နေစဥ် ဇော်ဂျီတစ်ပါးသည် ကောင်းကင်မှ ပျံလာ ရင်း မင်းကြီးရှေ့သို့ ဆင်းသက်လေသည်။

"အို... အသင်မင်းကြီး၊ အသင်မင်းကြီး၏ လက်ယာ ရစ်ခရုသင်းကိုပေးလော့၊ အသင်မင်းကြီးအလိုရှိသမျှသော အတတ် တို့ကို ငါသင်ပေးမည်"ဟု ဇော်ဂျီကပြောလေသည်။

မင်းကြီးကလည်း

"မည်သည့်အတတ်မျှ ငါမလိုချင်၊ ငါ့အား နတ်သမီးတစ်ပါး သာ ပေးလော့" ဟု ပြန်ပြောလေသည်။

ဇော်ဂျီက ကောင်းပြီဟု ပြောလိုက်သည်။

လက်ဖျစ်တီးကာ မန္တန်ကို ရွတ်ဆိုလိုက်သည်။

အလွန်ချောမောလှပသော နတ်သမီးလေးတစ်ပါး ရောက်ရှိ လာလေသည်။

ဇော်ဂျီက မင်းကြီးကို ပေးအပ်လေသည်။

မင်းကြီးကလည်း နတ်သမီးအား များစွာစုံမက်လှသည်ဖြစ်

ရာ တောတွင်းဆိတ်ကွယ်ရာအရပ်၌ နတ်သမီးနှင့် ချစ်တင်းနှီးနှော သံဝါသပြုပြီးနောက် နတ်သမီးပျောက်ကွယ်လေသည်။

နန်းတော်သို့ပြန်ရောက်သောအခါ နတ်သမီးအား မင်းကြီးသည် ချစ်ခင်စွဲလန်းရာမှ နလုံးတော်မတည်မငြိမ်ဖြစ်ပြီး ရူးသွပ်သွားလေတော့သည်။

ဗာရာဏသီမင်းသည် ကဿပမုနိဘုရားရှင်ကြီးအနီး သရက်တောသို့ ဝင်သောအခါ ဘုရားသာဝကနတ်သမီးနှင့်တူသော အဆင်းလှပသည့် နတ်သမီးက ခရီးဦးကြိုဆိုကြောင်း ဘုရားပေါ ကျမ်းဂန်ကဿပမုနိပေတဝတ္ထုလာရှိသည်။

ထို့ကြောင့် မင်းကြီးတရေဖျားနတ်သမီးနှင့် တွေ့ရ၍ ရူးသွပ်ရခြင်းလည်း ဖြစ်နိုင်ပေသည်။

❖ ❖ ❖

# ဘုန့် ဘုရ

မရမ်းချောင်းရွာတစ်ရွာရဲ့အဝင်မှာ ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ညောင်ပင်ကြီးဟာ အရိပ်အငွေ့မတန်ကောင်းပြီး ညောင်ပင် ကြီးအောက်ဝင်လိုက်တာနဲ့ နေပူကလာတဲ့လူဟာ အမောပြေသွား လေသည်။

ခရီးသွားဧည့်သည်တွေဟာ ဒီညောင်ပင်ကြီးမှာ အနားယူနေ ကြလေ့ရှိသည်။ တောအုပ်ကြီးလို အုံ့ဆိုင်းညို့မှိုင်းနေသည်။

ငှက်လေးများသည် အကိုင်းပေါ်၌ နားနေကြသည်။ ညောင် ပင်ကြီးပေါ်မှာတော့ ညောင်ပင်ကြီးတွင် သရဲတစ်ကောင်ရှိနေသည်။

ဖိုးမောင်သည် မိဘတွေလယ်သမားတွေဖြစ်ကြသည်။ ဖိုး

မောင်ကို မွေးဖွားပြီး မကြာခင်မှာပဲ ကွယ်လွန်အနိစ္စရောက်ရှိလို့သွားမယ်။ မိဘမဲ့လေးဖြစ်နေတဲ့ကလေးကို ဦးလေးက ကြည့်ရှုစောင့်ရှောက်ထားခဲ့သည်။

အသက် (၂၀)အရွယ်မှာ ရုတ်တရက် ထိုင်နေရာက ဘာရောဂါဝေဒနာမှ မခံစားရဘဲ သေဆုံးသွားတယ်။

သေဆုံးပြီးနောက်မှာ ညောင်ပင်ကြီးကို မှီခိုစား တွယ်ကပ်နေပြီး မည်သူ့ကိုမှ ကြောက်လန့်ခြင်းမရှိလေသည်။

ညောင်ပင်ကြီးမှာပဲ ဦးခိုကပ်နေထိုင်ရင်း ကိုးပြင်းလာသည်။ ဘယ်အရပ်ဒေသမှ မရောက်ဖူးဘဲ ဘာဗဟုသုတမှလဲ မရှိဘူးပေါ့။

ညောင်ပင်အောက်ရောက်လာတဲ့ ခရီးသည်တွေပြောတဲ့စကားတွေပဲ သရဲဖိုးမောင်က ညောင်ပင်ပေါ်က နားထောင်နေရသည်။ လူတစ်ယောက်ဟာ နေပူထဲက ထင်းစည်းကြီးတစ်စီးကို ထမ်းလာပြီး ညောင်ပင်အောက်ရောက်တာနဲ့ ဝုန်းကနဲ ပစ်ချချွေးသုတ်ပြီး ညည်းညူလိုက်သည်

လုပ်ကိုင်စားရတာ မလွယ်ပါလား။ ဒီတိုင်းသာ လုပ်ကိုင်စားမယ်ဆိုရင် ဒုက္ခပါပဲ။ ဒုက္ခပါပဲ၊ ချော်···ဒုက္ခ···ချော်···

ဒုက္ခ။

ခဏအခဓမာဖြေပြီး သူ့ထင်းစည်းကြီးကို မနိုင်တနိုင်နဲ့ထမ်းပြီး ပြန်ထွက်သွား၏။ ညောင်ပင်ကြီးပေါ်က သရဲမှာ ပဟေဠိတစ်ခုကျန်ခဲ့သည်။

"ဒုက္ခ•••ဒုက္ခဆိုတာပဲ၊ သူက ဘာလုပ်လဲ"

ညောင်ပင်ကြီးပေါ်မှ ဒုက္ခဆိုတဲ့ ပဟေဠိအဖြေညှိလို့ မရခင်မှာ ပေါ်းအိတ်တစ်အိတ်ရွက်လာတဲ့ မိန်းမကြီးတစ်ယောက်နဲ့ အလွတ်ပဝါလေးခေါင်းပေါ်တင်လာတဲ့ မိန်းမကြီးဟာ ညောင်ပင်ကြီးအောက်မှာ ရိပ်ခိုကြပြန်သည်။

"အမေကြီး•••ဟိုဘက်ရွာက ပြန်လာတာလား"

"ဟုတ်တယ်လေ၊ ကြွေးသွားတောင်းတာလေ။ ညည်းလွှတ်လိုက်တာ၊ မရတဲ့အပြင် ကိုယ်ကတောင် ပြန်မေးရမလား။ အောက်မေ့ရတယ်၊ လူတွေလဲ ဘယ်လိုဖြစ်နေကြပါလိမ့်ညော် ဒုက္ခ•••ဒုက္ခ•••ဒုက္ခ•••"

"ဟုတ်ပါ့တော် ကျွန်မလဲ ချေးထားတဲ့ပေါ်းဖိုး သွားတောင်းတာ ကိုယ်တိုင်ရွက်ယူလာခဲ့မှပဲ ရပါပေါ့လား။ တရားကျစရာနော်

အင်း ဒုက္ခ…ဒုက္ခ…ဒုက္ခ…”

မိန်းမကြီးနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ဒီလိုအပြန်အလှန်ပြောပြီး ထွက်သွားတော့ သစ်ပင်ပေါ် သရဲကြီးမှာ ငိုပြီးပဟေဠိဖြစ်ရတော့သည်။

“ဒီ ဒုက္ခဆိုတာ ဘာကောင်လဲ၊ လူတွေက သူ့ကို ဘာကြောင့် တမ်းတနေသလဲ၊ သူက ဘာတွေများ အကျိုးပြုလို့လဲ၊ ဒါမှမဟုတ် ဘယ်လောက်အသုံးဝင်ပစ္စည်းမို့လို့လဲ”

“သရဲကြီးမှာ တွေးလေ အဖြေမပေါ်လေ၊ ခေါင်းရှုပ်လာလေ ပဲတဲ့ကွယ်”

ဒုက္ခဆိုတာ ဘာလဲဆိုတာကိုတော့ တစ်နေ့ ငါသိရအောင် လုပ်မယ်၊ ဒီတစ်ခါ ဘိုးသူတော်ကြီးကို မေးထိုက်တဲ့လူကို မေးကြည့်မယ်”

သရဲကြီးသည် သူတော်ကြီးအလာ ညောင်ပင်ပေါ်က စောင့်နေသည်။

လူတွေကတော့ နေ့ရှိသရွေ့ နေ့လယ်ပိုင်းရောက်လာရင် ညောင်ပင်ရိပ်ခို ခရီးသွားတွေရောက်လာကြမြဲသည်။

လူတိုင်းကလဲ ဒုက္ခတကြီး ညည်းတွားနေကြသည်။

အင်း ဒုက္ခဆိုတာ တစ်နေ့တော့ ငါသိရမှာပေါ့။

သရဲသည် သူ့ကိုယ်သူ နှစ်သိမ့်နေ၏။

သားအဖနှစ်ယောက်ဟာ အဖေလုပ်သူက ဆယ်နှစ်လောက်ရှိနေပြီဖြစ်တဲ့သားကို ကုန်းပိုးထမ်းပြီး နေပူကို ဖြတ်ကျော်လာကြ၏။ ညောင်ပင်အောက်ရောက်တာနဲ့ အဖေလုပ်သူက မကျေမနပ်ညည်းတွားနေသည်။

"တောက်··တို့ရွာကြီး ဒီလောက်ကြီးပြီး ဆေးဆရာမရှိတာ ခက်တယ်၊ သားခြေထောက်က ဒဏ်ရာဟာ တို့ရွာမှာသာ ဆေးဆရာရှိရင် ဒီလောက်ဒုက္ခဘယ်ရောက်မလဲကွာ"

"အဖေ··သားအတွက်နဲ့ ဒုက္ခပါပဲ၊ သားလေ အဖေ့ကို မနှိပ်စက်ချင်ပါဘူး။ ဆင်းသာလျှောက်လိုက်ချင်တယ်"

"မလျှောက်နဲ့သား··မင်းဒဏ်ရာက လျှောက်လို့မရဘူး။ အဖေ့ ပခုံးပေါ်ပြန်တက်၊ ချော် ဒုက္ခ···ဒုက္ခ"

အဖေသည် သားကို ကုန်းပိုးပြီး ညောင်ပင်အောက်က ထွက်သွားတော့ သရဲဒေါသဖြစ်ကျန်ခဲ့သည်။

"ဒုက္ခဆိုတဲ့ဟာက သားခြေထောက်ကျိုးတာတောင် လိုက်ရှုပ်နေတုန်းပဲလား။ ဟင်းနော်…ငါနဲ့တွေ့လိုက်ချင်တယ်"

တစ်နေ့မှာတော့

ဟူး…မောလိုက်တာကွယ်၊ တစ်နှစ်ထက်တစ်နှစ် လူတွေဟာ ရှုးပါးလာကြတယ်၊ တို့ သီလရှင်တွေကိုတောင် ဆန်မလောင်းနိုင်တဲ့ အိမ်တွေရှိလာတယ်နော်၊ ညော်…ဒုက္ခ…ဒုက္ခ…"

သီလရှင်နှစ်ပါးဟာ ပြည်ခုံးလေးတွေချက်လို့ ညောင်ပင်ကြီးအောက်က ထွက်သွားကြ၏။

ညောင်ပင်ပေါ်က သရဲသည် ပိုပြီးစိတ်ရှုပ်ရှားမိသည်။

ဒုက္ခဆိုတာ ဘာလဲဆိုတာ။

ဘုန်းကြီးနဲ့ ဦးသူတော်တစ်ယောက်ဟာ ညောင်ပင်ကြီးအောက်မှာ အရိပ်ခိုလာကြသည်။

အရှေ့ဘက်ရွာမှ အလှူခံပြန်လာတဲ့ ဘုန်းကြီးက

"ဟဲ့ ဦးသူတော်၊ လူတွေလဲ အတော်ရှားပါးလာကြပြီကွ၊ အလှူအတန်းလဲ စိတ်ကသဲ လှူချင်ကြတာရှိတယ်။ လက်ကပါနိုင်တဲ့လူက ရှားတယ်"

"မှန်ပါဘုရား"

"အေး…တို့ အလျှုခံပုဂ္ဂိုလ်တွေဟာ ဒါကိုကြည့်ပြီး အလျှုခံရဖို့ ခက်နေပြီကွ၊ အင်း ဒုက္ခဆိုတဲ့စကား ပျောက်များ ပျောက်မလားပဲကွယ်…အင်း ဒုက္ခ…ဒုက္ခ"

ညောင်ပင်ပေါ်မှာ နားထောင်နေတဲ့သရဲဟာ မနေနိုင်တော့ဘူး။ ဘုန်းကြီးကိုကြည့်ပြီး အောက်ကိုဆင်းလာသည်။

"အရှင်ဘုရား တပည့်တော် ဒီညောင်ပင်ကြီးမှာ နေထိုင်ခဲ့တာ ကြာပါပြီ။ ဒီညောင်ပင်ကြီးအောက်မှာ လာနားခိုတဲ့လူတိုင်းဟာ ဒုက္ခ၊ ဒုက္ခလို့ တမ်းတနေကြပါတယ်၊ ဒုက္ခဆိုတာ ဘာလဲဘုရား။ အတော်ဆိုးသလား"

ဘုန်းကြီးသည် သရဲစကား နားထောင်နေသည်။

"ဒုက္ခဆိုတာ အင်မတန်ဆိုးတာပေါ့ကွာ၊ လူတိုင်းက ဒုက္ခကို ကြောက်ရတာပေါ့ကွာ"

"ဘယ်လောက်ပဲ ဆိုးဆိုး၊ တပည့်တော်တော့ ဒုက္ခနဲ့ တစ်ခါလောက် တွေ့ချင်တယ်ဘုရား"

"တကယ် တွေ့ချင်သလား"

"တကယ်တွေ့ချင်ပါတယ်၊ သူနဲ့တွေ့ရပြီးသေရင်လဲ သေပါ စေ၊ ဓုကဒ္ဓကို တွေ့မှုံးရရင် တော်ပါပြီဘုရား"

"အေး . . . ဟုတ်ပြီ၊ မနက်ဖြန်နေ့လည် တစ်နာရီတိတိ အချိန်မှာ ဦးသူတော် ဓုကဒ္ဓကိုခေါ်လာခဲ့မယ်၊ ရွာပြင်လယ်ကွင်း မှာ မင်းစောင့်သာနေတော့ဟုတ်လား"

"မှန်ပါ စောင့်နေပါ့မယ်"

ဘုန်းကြီးနဲ့ ဦးသူတော်တို့ ပြန်သွားတော့ ဓုကဒ္ဓကို မနက်ဖြန် တွေ့ရတော့မယ်ဆိုပြီး သရဲဟာ အင်မတန်ဝမ်းသာနေရသည်။

နောက်တစ်နေ့ နေ့လည်တစ်နာရီလောက်မှာတော့ ဦးသူ တော်မှာ ဂုန်နီအိတ်ကြီးတစ်လုံးကို အဝပိတ်ကြိုးချည်ပြီး အထဲက ဘာမှန်းမသိတဲ့အရာကို ဦးသူတော်နဲ့ ဘုန်းကြီးကျောင်းသားထမ်းလာ သည်။

ကွင်းလယ်နဲ့ ညောင်ပင်ကြီးနှင့်မနီးမဝေးနား ချပေးလိုက်၏။

"ကဲ . . . ဒီထဲမှာ ဓုကဒ္ဓရှိတယ်၊ ဒါပေမယ့် မင်း ဒီနေရာမှာ ကြည့်လို့မရဘူး။ သူ့ကို တို့လဲကြောက်တယ်၊ ဒါကြောင့် တို့နဲ့ လွတ်လွတ်ကင်းကင်း ကွင်းလယ်ကောင်ကို မင်းထမ်းသွားပါ။ ကွင်း

လယ်ကောင်ကိုရောက်မှ ဒုကုဋ်ကို ဖွင့်ကြည့်ပေတော့"

သရဲသည် ဒုကုဋ်ထုပ်ကို ပစ်ချလိုက်သည်။

ဒုကုဋ်ထုပ်ဟာ လှုပ်တုပ်လှုပ်တုပ်နဲ့။

ဂုန်နီအိတ်ကို ဖွင့်လိုက်သည်။

အင်မတန် ထွားကျိုင်းတဲ့ ခွေးကြီးတစ်ကောင် ထွက်လာပြီး စိတ်ဆိုးမာန်ဆိုးနဲ့ သရဲကို လှမ်းကိုက်လိုက်သည်။

"ဟောင်း...ဟောင်း"

ခွေးကြီးက သူ့ကို ဂုန်နီအိတ်ထဲမှ ထွက်ထွက်ချင်း သဲကြီးမဲကြီး လိုက်ကိုက်တော့သည်။

"ဟောင်း...ဟောင်း"

သရဲဟာ သူ့ကို အတင်းထိုးဟပ်လိုက်ကိုက်နေတဲ့ ခွေးရန်လွတ်အောင် ပက်ပြေးနေ၏။ ခွေးက နောက်ကလိုက်ရင်း ညောင်ပင်ကြီးအောက်ရောက်လာတော့ သရဲဟာညောင်ပင်ကြီးပေါ် တက်ပုန်းလိုက်သည်။

ညောင်ပင်ကြီးမှ ခွေးကြီးဟာ ပါးစပ်ဖြဲတဟဲဟဲ ညောင်ပင်ခြေရင်းမှာ စောင့်နေသေး၏။

သရဲက ညည်းတွားမိလိုက်တာက

“ဩ . . .ဒုက္ခ . . .ဒုက္ခ . . .ဒုက္ခဆိုတဲ့ကောင်ဟာ အတော်ဆိုးပါလား”

ဒုက္ခကို သရဲကြောက်သလို လူတွေကြောက်တာလဲ မလွန်ပါဘူး။

❖ ❖ ❖

# မနှင်းဆီလား ဝိညာဉ်လေလား

ညီမောင်သည် ပေးကမ်းစွန့်ကြဲလိုစိတ်ရှိသည်။

မေတ္တာစေတနာ ထားတတ်၏။ ဘေးမဲ့လွှတ်လေ့ရှိ၏။

အမဲလိုက်တဲ့သူတွေ ကျေးငှက်သားကောင်ရလာရင် ဈေးကြီးပေးရပေးရ ဝယ်ပြီး ဘေးမဲ့လွှတ်ပစ်လိုက်သည်။ အရှေ့သရက်ပင်ရွာနဲ့ အနောက်သရက်ပင်ရွာဆိုတဲ့ ရွာညီနောင်ရှိသည်။ ရွာနှစ်ရွာရဲ့ကြား အလယ်ဗဟိုတည့်တည့်ဘက် တောကြီးတောင်ကြီးကာရံနေသော လျှိုစိမ့်တောကြီးတစ်ခုရှိ၏။

လျှိုစိမ့်တောကြီးထဲတွင် လှည်းလမ်း ၁၀ကျော်လောက်

ရှိနေသည်။ လူညီးသမားတို့သည် မျက်စေ့လယ်လမ်းမှားပြီး ချာချာ လည်တော့ နေရာတစ်ခုဖြစ်လေသည်။

တစ်နေ့ ညိုမောင်သည် ဦးကြီးအိမ်မှာ အသုဘရှိသော ကြောင့် သူသွားကူညီ၏။

အသုဘချပြီး အိမ်ပြန်တော့ မိုးချုပ်ပြီး လျှိုစိမ့်တောတန်း ရောက်တော့ မျက်စိလည်ပြီး လျှိုထဲရောက်သွားသည်။

စိတ်ထဲထိတ်လန့်ပြီး ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေတုန်း မှာ ရှေ့ဘက်က မီးရောင်တွေ့ရသည်။

ရုတ်တရက် ခါးကုန်းတဲ့အဘိုးတစ်ယောက် တောင်ဝှေး ထောက်ပြီး ဘေးကလမ်းကလေးမှာ အလျှင်အမြန်သွားနေတာ တွေ့ ရသည်။

ညိုမောင်ဟာ ရပ်ပြီးပေးမယ်လုပ်တုန်းမှာ အဘိုးအို အရင် စပြီး မေးလိုက်သည်။

ညိုမောင်က မျက်စိလမ်းမှားလာတာ မီးရောင်တွေ့လို့ ရှာရှိမယ်ထင်တာနဲ့ တစ်ညလောက် တည်းခွင့်သွားတောင်းမလို့ လို့ ပြောပြလိုက်သည်။

အဖိုးအို ပြောလိုက်သည်။

အဲဒီနေရာဟာ လုံခြုံမှုမရှိဘူး။ ကျုပ်နဲ့တွေ့လို့ပေါ့ ကျုပ်နဲ့လိုက်ခဲ့ပါ။ ကျုပ်အိမ်မှာ တည်းလိုက်အိပ်ပါ။

ညှိမောင် အလွန်ဝမ်းသာသွား၏။

အဖိုးအိုနောက်မှ လိုက်ခဲ့၏။ တော်တော်သွားမိတော့ ရွာကလေးထဲဝင်လာခဲ့သည်။ အဖိုးအိုဟာ ဖျဉ်ထောင်အိမ်တစ်လုံးရှေ့မှာရပ်ပြီး တံခါးခေါက်မိသည်။

အတွင်းက အဖွားကြီးတစ်ယောက်ထွက်လာပြီး တံခါးဖွင့်လိုက်သည်။

"ပြန်လာပြီလား… ညသည်လည်းပါတယ်"

ညှိမောင်သည် အဖိုးအိုနောက်ကနေ အိမ်ထဲဝင်လိုက်သည်။ အထဲမှာ မီးအိမ်မှ မီးစာကို မြှင့်လိုက်သည်။

ညှိမောင်ကို ထိုင်ဖို့နေရာပေးသည်။

အဖွားကြီး ထမင်းပွဲပြင်လိုက်၏။ မိန်းကလေးတစ်ယောက် စားရေပန်းကန်ကိုယူပြီး ဝင်လာတယ်။ စားပွဲပေါ်တင်ပြီးနောက် အဖိုးဘေးမှာ ရပ်နေလိုက်၏။ ဝင်းလက်တဲ့ သူမမျက်စိနဲ့ ညှိမောင်

ကို နိုးကြည့်၏။ ညိုမောင်က ခေါင်းမော့လိုက်တော့ မိုးနဝတ်မယ် အလား လှပတဲ့ သူမရုပ်ရည်ကို မြင်တွေ့သွား၏။

အဖိုးကြီးက သူမကိုလှည့်ပြီး ရေနွေးကြိုခိုင်းလိုက်သည်။ မိန်းကလေးဟာ ကြားတာနဲ့ နောက်ဖက်အခန်းထဲ ဝင်သွားသည်။

ညိုမောင်က မေးလိုက်၏။

"ဒီမိန်းကလေးက ဘယ်သူလဲ"

အဖိုးအိုက ဖြေလိုက်သည်။

ကျုပ် ဒီသမီးလေးနံမည်က နှင်းဆီလို့ခေါ်တယ်။ အိမ်မှာ အခိုင်းအစေမရှိဘူး။ မောင်ရင်ကလည်း ခပြင်လူမဟုတ်လို့ ကျုပ် ဇနီးနဲ့သမီးကို ညွှန်ခိုင်းတာတဲ့၊ ရယ်စရာဖြစ်နေပြီ။

ညိုမောင်က အဖိုးအိုကို ဆက်မေးလိုက်သည်။

"ဦးသားမက်က ဘယ်ဗာတိလဲ"

နေရာချမပေးရသေးပါဘူး။ ဖြေလိုက်သည်။

ညိုမောင်သည် သူမထွက်လက်ဖျက်လတ်ကြောင်း လှကြောင်း ချီးကျူးနေ၏။ အဖိုးကြီးက နှိမ်ချစွာပြန်ဖြေနေ၏။ ရုတ်တရက် မိန်းကလေး တအားအော်သံကြားလို့ ပြေးကြည့်တော့

ရေနွေးရှုပြီး လျှံကျလို့ သူမအပေါ် ဖိတ်စင်တာ တွေ့ရ၏။

သူတို့ညည်းခန်းတွင် ရေနွေးသောက်တဲ့အခါမှာ မိန်းကလေး ဟာ ရေနွေးလာလာငှဲ့ပေး၏။ လှပစွာ ပြုံးနေသည်။

နည်းနည်းမှ ရက်ကိုးရက်ကန်းမဖြစ်ဘူး။ ညီမောင်က သူမကို စိုက်ကြည့်၏။ ရင်ထဲမှာ ချစ်စိတ်တဖွားဖွားပေါ်လာ၏။ အဖွား ကြီးက အဖိုးကြီးခေါ်သံကြားလိုက်၏ အဖိုးကြီးကလည်း ထူးပြီး ထသွားသည်။

ညီမောင်ဟာ လူမရှိတာနဲ့ မီးဖိုဘေးမှာထိုင်နေတဲ့ မိန်း ကလေးကို လှမ်းပြောသည်။

"မိုးနတ်မယ်လို လှတဲ့မင်းရုပ်ရည်ကို မြင်ရပြီး ကျုပ်စိညာဉ် တောင် ပျောက်သွားပြီး အောင်သွယ်နဲ့ လာရောင်းချင်တယ်။ လက်မခံမှာလည်း စိုးတယ်"

မိန်းကလေးဟာ ရေနွေးခရားကိုကိုင်ထားပြီး မျက်စိက မီးဖိုကို ကြည့်နေသည်။ တိတ်တိတ်လေး မကြားချင်ယောင်ဆောင် နေသည်။ ညီမောင်ဟာ ထပ်ကာထပ်ကာပြောနေနေပေမယ့် မိန်းကလေးဟာ ဘာမှပြန်မပြောဘူး။

ညှိမောင်သည် ကြမ်းပြင်ပေါ်မှ ထောက်ပြီး သူမကိုချစ်ရေး ဆိုၤ၏။ မိန်းကလေးက တံခါးပေါက်ကနေ ထွက်ပြေးမယ်လုပ်၏။ ညှိမောင်ဟာ ခုန်ထပြီး သူမကို ဖက်ထားလိုက်၏။ မိန်းကလေးသည် ကြောက်လန့်ပြီး အော်ဟစ်၏။ အဖိုးကြီးကြားတာနဲ့ ပြေးလာ၏။ ညှိမောင်လည်း မတတ်သာဘဲ လွှတ်လိုက်ပြီး ထွက်လာခဲ့၏။

စိတ်ထဲမှာ နောင်တလည်း ရ။

ကြောက်လည်းကြောက်နေ၏။

မိန်းကလေးက ဘာမှမဖြစ်သလိုနဲ့ သူ့အဖေကို ပြော လိုက်၏။

"ခုနက မီးဖိုက ထင်းမီးဝါးဖောက်တာကို အစ်ကိုက လုပ်ပေးတာပါ"

ညှိမောင်ဟာ စိတ်အေးသွား၏။

သူမကိုလည်း ကျေးဇူးတင်၏။

အဖိုးကြီးဟာ ညှိမောင်ကို အိပ်ရာခင်းပေး၊ တံခါးပိတ်ပေးပြီး မှ ထွက်သည်။

ညှိမောင်ဟာ ဟိုလှည့်ဒီလှည့်နဲ့ အိပ်လို့မရဘူး။ မိုးတောင်

မလင်းသေးဘူး။ အဖိုးကိုနှိုးပြီး နှုတ်ဆက်ပြန်ခဲ့သည်။

ညိုမောင်သည် အိမ်ပြန်ရောက်တာနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းကို မိန်းမတောင်းဖို့ လွှတ်လိုက်သည်။

မိတ်ဆွေသူငယ်ချင်းဟာ တစ်ရက်လုံးသွားပေမယ့် အဖိုးကြီးအိမ်ကိုမတွေ့ဘူးလို့ ပြန်လာပြီး ပြောလိုက်သည်။ ညိုမောင်သည် သူ့ဘာသာသူ သွားရှာ၏။ မနှင်းဆီနေတဲ့ မကျည်းပင်ရွာကို ရှာ၏။

ဘယ်မှာ ရှာရှိမှာလဲ။

တောင်နဲ့နီးတဲ့ရွာတွေကို သွားမေးလည်း ဒါမျိုးနာမည်နဲ့ရွာ မရှိဘူးလို့ ပြောကြ၏။

ညိုမောင်သည် အလွန်စိတ်ပျက်သွား၏။

အိမ်ပြန်ခဲ့သည်။ အိမ်ရောက်တော့ သူဟာ စားလည်းမစားဘူး၊ သောက်လည်းမသောက်ဘူး။ လွမ်းဆွေးဝေဒနာများ အချစ်စိတ်သောကများဖြင့် ဇဝေဝါနဲ့ ပါးစပ်က ယောင်ရမ်းခေါ်နေသည်။

"မနှင်းဆီ...မနှင်းဆီ"

အိမ်သားတွေဟာ သူ့စကားကို နားမလည်ဘူး။ နေ့ရောည

ပါ စောင့်ကြည့်နေသည်။

ညတစ်ညမှာ ညိုမောင်ကို စောင့်တဲ့သူလည်း မောပြီး အိပ်ပျော်သွား၏။

ညိုမောင်သည် မြောနေသလို ဖြစ်နေရာက သူ့ကို လူတစ်ဦးတွန်းသလို ခံစားရတာနဲ့ မျက်စိဖွင့်ကြည့်၏။

ကုတင်ဘေးမှာ လာရပ်နေတာက မနှင်းဆီဖြစ်နေ၏။ ညိုမောင်လည်း ချက်ချင်းကြည့်လင်လာ၏။ ညိုမောင်သည် မနှင်းဆီကို ကြည့်ပြီး မျက်ရည်တွေ တသွင်သွင်စီးကျလာ၏။

မနှင်းဆီက သူ့မျက်နှာနားကပ်ပြီး…

"လူအ…ဘယ့်နှယ့်ဒီလိုဖြစ်ရတာလဲ"

မနှင်းဆီက ညိုမောင်ကိုပြောပြီး ကုတင်ပေါ်ဘေးနားမှာ ထိုင်လိုက်သည်။ ညိုမောင် သူ့နားသယ်ကို နှိပ်ပေး၏။ ညိုမောင်ရဲ့ နားခေါင်းထဲ ကရမက်အမွှေးနံ့ရှူဝင်လာ၏။ ဦးနှောက်ထဲကနေ ရိုးတွင်းချဉ်ဆီအထိ ဝင်သွား၏။ ခဏနှိပ်ပြီးနောက် ညိုမောင်၏ ချွေးတွေထွက်လာ၏။ မနှင်းဆီက ညိုမောင်ကို တိုးတိုးပြောလိုက်သည်။

ဘူး။ နောက်နှစ်ရက်ကြာရင် ကျွန်မရှင့်ကိုလာတွေ့ဦးမယ်နော်"

နှင်းဆီဟာ ပြောရင်း ပန်းအိုးထားတဲ့ အင်္ကျီလက်မွှထဲက နေ မုန့်ပေါင်း ၅ခုထုတ်ပြီး ကုတင်ခေါင်းရင်းမှာ ချထားကာ လှည့်ပြီး အသာလေးထွက်သွားသည်။

ညသန်းခေါင်အချိန်ရောက်တော့ ညိုမောင်သည် ဈေးလည်းထွက်ပြီး ဆာလည်းဆာလာ၏။ ကုတင်ခေါင်းရင်းက မုန့်ကိုယူပြီး စားလိုကြောင်း၏။ တခါတည်း မုန့်ကိုယူပြီး စားပစ်လိုက်သည်။

ညိုမောင်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွား၏။ နိုးလာတော့ နောက်တစ်နေ့နံနက်ဖြစ်နေ၏။

နေတောင် အတော်မြင့်နေပြီ။

သူ့ကိုယ်ခန္ဓာဟာလည်း အလွန်ပေါ့ပါးလန်းဆန်းနေ၏။

ညိုမောင်ဟာ စောင့်နေသောမိတ်ဆွေသူငယ်ချင်းတွေက ညိုမောင်နေကောင်းသောပြီး ကိုယ်အိမ်ကိုပြန်ကြ၏။

ညမှာ ဘုရားဒါယိကာတွေကို စောစောအိပ်နေကြသည်။

ညဉ့် ၁၂နာရီကျော်လောက်အချိန် ရောက်နေသည်။

မကြာခင်

နှင်းဆီသည် ချစ်စဖွယ်မျက်နှာထားကလေးနဲ့ တဟားဟား ရယ်ပြီးပြော၏။

"လူအ ... ကျေးဇူးမတင်တော့ဘူးလား"

ညိုမောင်သည် ဝမ်းသာလို မနှင်းဆီကိုဖက်ထားပြီး ညိုမောင် ရင်ခွင်ထဲကနေ မနှင်းဆီက ပြောလိုက်၏။

"ကျွန်မဟာ ရက်ရမှာမကြောက်တဲ့ စွန့်စားပြီးလာတာ၊ ဒဲဒီ ရှင့်ကိုကျေးဇူးဆပ်တာ၊ ရှင်နဲ့ ရေရှည်ချစ်ကြိုက်လို့မဖြစ်ဘူး။ ရှင် တခြားမိန်းကလေးတစ်ယောက်ကို ရှာပါ"

"မင်းကို ဘယ်မှာတွေ့ဖူးသလဲ ငါမမှတ်မိတော့ဘူး။ ချစ်တာက အမှန်ပါပဲ"

"ရှင့်ဟာသာ စဉ်းစားပါလား"

ညိုမောင်က သူမကို လက်ထပ်ဖို့ အတင်းတောင်းဆို၏။ မနှင်းဆီက

"ကျွန်မ ညည တိတ်တိတ်နိုးလာတာ ဒီအတိုင်း ရေရှည် သွားလို့မဖြစ်ဘူး။ လက်ထပ်ဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူး"

ညိုမောင်သည် ဒီစကားကြားရပြီး ဝမ်းနည်းလို့မခုံဘူး။

မနှင်းဆီက ညိုမောင်ဝမ်းနည်းကြေကွဲတဲ့မြင်တာ သနားပြီး ပြော
သည်။

"ရှင် ကျွန်မနဲ့လက်ထပ်ချင်ရင် မနက်ဖန်ည ကျွန်မအိမ်
ကို လာခဲ့ပါ"

ညိုမောင်က ပြုံးလာ၏။

ကျွန်မ ရှင့်ဝိဉာဉ်အရှေ့မှာနေတဲ့ နားလေးတဲ့ အဖွား
ခေါ်ပါ၊ ရှင့်အတွက်နဲ့ ကျွန်မ ဒီမှာပဲနေနေတာ၊ အိမ်က ကျွန်
ဘယ်ရောက်နေမှန်းတောင် သိမှာမဟုတ်ဘူး။ ကျွန်မကို အပြစ်
ကြလိမ့်မယ်"

ညိုမောင်နဲ့သူမ အတူအိပ်၏။

နှင်းဆီ တစ်ကိုယ်လုံး အမွှေးနံ့တွေရသည်။

အာရုဏ်တက်အချိန်မှာ မနှင်းဆီဟာ အိပ်ရာထတာ
နှုတ်ဆက်၏။ ညိုမောင်က အရင်တစ်ခါလို မျက်စိလည် လမ်း
မှာစိုးလို့ သူမနဲ့ လမ်းတစ်နေရာမှာ ဆုံဖို့ချိန်းလိုက်၏။

ညနေစောင်းအချိန်မှာ ညိုမောင်သည် တောလမ်း
ထက်ဦး ...

မနှင်းဆီက ရောက်နှင့်နေပြီ။

သူတို့နှစ်ဦးသား ပြုံးပျော်ရွှင်ပြုံးစွာ အရင်ကရောက်ခဲ့တဲ့ ရွာကို သွားကြသည်။

အဖိုးကြီးနဲ့ အဘွားကြီးက ဝမ်းသာစွာကြိုနေ၏။

အရက်တို့ ထမင်းတို့နဲ့ သူ့ကို ဧည့်ခံ၏။

ထမင်းစားပြီးနောက် အဖိုးကြီးက ညှိမောင်ကို နားခိုင်း၏။ ည သန်းခေါင်ကျမှ သူမရောက်လာ၏။

"အဖေနဲ့အမေက စကားတွတ်တွတ်ပြောပြီး မအိပ်ဘူး။ ဒါကြောင့် ကျွန်မ မလာဝံ့တာ၊ စောင့်နေရပြီပေါ့"

အဲဒီညမှာ ချစ်ခင်ကြင်နာစွာ နေကြသည်။

ရုတ်တရက် မနှင်းဆီက

"ဒီညတွေကြတာ ကျွန်မတို့နှစ်ယောက် ထာဝရ ခွဲခွာခြင်းရဲ့ အထိမ်းအမှတ်ပါပဲ"

ညှိမောင်က ဘာဖြစ်လို့လဲလို့ အထိတ်အလန့်မေး၏။ မနှင်းဆီက ဖြေလိုက်၏။

"အမေက ဒီရွာလေးက သိပ်ငယ်တယ်၊ ပျင်းစရာကောင်း

တယ်ဆိုပြီး အမျှော်ကိုပြောင်းတော့မှာ၊ ကျွန်မနဲ့ရုပ် ဒီညပဲ ပေါင်းရမှာ"

ညိုမောင်၏စိတ်ထဲမှာ အလွန်အမင်းဝမ်းနည်းသွား၏။

အရက်အနံ့ပြင်းသည့် ပေါ်လာပြီး ရုတ်တရက် အဖိုးကြီးအခန်းထဲ ဝင်လာ၏။

"ဒီကောင်မလေး တို့မျက်နှာ အိုးမဲသုတ်ချင်တယ်၊ ရက်စရာသိပ်ကောင်းတယ်" အဖိုးကြီး ပြောလိုက်သည်။

မနှင်းဆီကား ထိတ်လန့်စွာ ပြေးထွက်သွား၏။ အဖိုးကြီးက နောက်ကလိုက်ပြီး ခွခွဲနေသည်။

ညိုမောင်သည် လန့်လည်းလန့်၊ ရှက်လည်းရှက်တာမို့ ကမန်းကတန်း အိပ်ပြန်ပြေးလာသည်။

ရက်အချို့ ဟိုသွားဒီသွားဖြစ်နေ၏။

မနှင်းဆီကို လွမ်းဆွတ်တဲ့စိတ်ကို ဖျောက်ရဖို့မရ၊ ညိုမောင်သည် တွေးရင်းအိမ်သားတွေကို မပြောဘဲ ခရစ်ယောဘက်ထဲ ထွက်သွား၏။

တောထဲမှာ တဝဲလည်လည်ဖြစ်ပြီး ထိတ်လန့်နေ၏။

တော်င်ကြားမှာ အိမ်လိုက်ပို့တွေ့ကာနဲ့ ရှမ်းသာသွားပြီး အကျိုးအကြောင်းမေးကြည့်လိုက်၏။

အိမ်ခန်းတစ်ခု တံခါးဖွင့်ထားတာ တွေ့၏။

ညိုမောင်သည် အနီးကပ်သွားပြီး မနှင်းဆီမိသားစု ဘယ်မှာနေသလဲလို့မေး၏။ အိမ်စေမိန်းကလေးတစ်ယောက် ထွက်လာသည်။

ဖျက်စီးလည်း လှမ်းမှာပြီး ရှာလို့မတွေ့ဘူး

အိမ်စေမိန်းကလေးက ပြောလိုက်သည်။

“မေးစရာမလိုတော့ပါဘူး။ ဒီအိမ်က သူတို့ အခေါ်အိမ်၊ မနှင်းဆီအခုပဲမှာရှိတယ်၊ ကျွန်မ သွားခေါ်မယ်၊ ဧည့်ခန်းမှာ ထိုင်စောင့်နေပါ”

“ရှင် တစ်ညလုံးသွားရတော့ သိပ်ပင်ပန်းနေပြီ အိပ်ရာမြန်မြန်ခင်းရှိ အိပ်ဖို့လုပ်ပေးပါ”

နှစ်ဦးသား လက်တွဲပြီး အိပ်ရာပေါ်တက်ကြ၏။ ညိုမောင်က မနှင်းဆီကို “အိမ်သားတွေ မတွေ့ပါလားလို့” မေး၏။

“ကျွန်မကို အိမ်စောင့်ခိုင်းခဲ့တာ၊ ရှင် ဒီရောက်လာတာ အတော်ပဲ၊ ဒါလည်းကာသိုလ်ကံပဲပေါ့”

နှစ်ဦးသားကပ်နေတဲ့အချိန်မှာ ညှိမောင်ဟာ ညှီစော်ကြီး နှာခေါင်းထဲ တိုးဝင်လာတာ ခံစားရ၏။ စိတ်ထဲမှာ သံသယဖြစ်လာ၏။

မနှင်းဆီက သူ့လည်ပင်းကိုဖက်ပြီး သူ့နှာခေါင်းဝကို ဖြန်းခနဲ ထပြီး လျှာနဲ့လျက်၏။ ညှိမောင်ရဲ့ခေါင်းဟာ အပ်နဲ့အထိုးခံထားရသလို ဦးနှောက်ထဲထိ နာကျင်သွား၏။ တဖြည်းဖြည်းနဲ့ သတိမေ့သွားသည်။

ညှိမောင်ကို အိမ်သားတွေ လိုက်ရှာကြသည်။ တောလမ်းအတိုင်း လိုက်ရှာတော့ ချောက်ကမ်းပါးတစ်ခုရှေ့မှာ သူ့အလောင်းကို တွေ့ရသည်။ အလောင်းကို အိမ်သို့သယ်လာကြသည်။

ညှိမောင်သည် အလောင်းငိုယိုနေကြစဉ် မတွေ့ဘူးတဲ့ မိန်းကလေးတစ်ယောက် ငိုယိုပြီး အိမ်ထဲဝင်လာတာကို တွေ့ရ၏။

သူမသည် ညှိမောင်ရဲ့အလောင်းကို ကိုင်ပြီးအော်ငိုနေသည်။

"ဘုရား…ဘုရား…ရှင် ဘာကြောင့် ဒီလောက်မနှရတာလဲ"

အသံဝင်တဲ့အထိ ငိုကြွေးနေသည်။ အိမ်သားတွေကို သူက မှာနေသည်။

"သူ့ကို ၇ ရက်ထားပါ။ မသင်္ဂြိုဟ်ပါနဲ့"

အိမ်သားတွေက သူမကို ဘယ်သူ့တယ်ဝါဆိုတာ သိချင်လို့ မေးမယ်လုပ်တုန်းမှာ သူမဟာ ထထွက်သွားသည်။ အပြင်ရောက်တာနဲ့ ပျောက်သွား၏။ အိမ်သားတွေက သူ့ကိုနတ်လို့မှတ်ထင်ပြီး သူမပြောတဲ့အတိုင်း လိုက်လုပ်ကြသည်။

ညတိုင်း ညတိုင်း သူမရောက်လာပြီး ငိုယိုနေ၏။ သတ္တမနေ့မှာ ညိုမောင်နိုးလာ၏။ မနှင်းဆီကိုမြင်တော့ ဖက်ပြီးငို၏။ မနှင်းဆီဟာ မီးမွှေးပြီး သူမယူခဲ့တဲ့ ဆေးရွက်ကို ကျိုတိုက်နေသည်။

ဆေးသောက်ပြီး မကြာခင် ညိုမောင်စကား ပြောနိုင်လာသည်။

"ကျုပ်ကို သတ်တာလည်း မင်းပဲ၊ ကျုပ်ကိုကယ်တာလဲ မင်းပဲကိုး"

ဟိုညက သူကြုံတွေ့ရတာတွေ ပြောပြလိုက်၏။

"အဲဒါ မကောင်းဆိုးဝါးမြွေက ကျွန်မယောင်ဆောင်ပြီး ရှင့်ကို ညာတာ၊ ဟိုးတစ်ခါ ရှင်မျက်စိလည် လမ်းမှားပြီးတွေ့တဲ့ မိန်းရောင်ဟာ သူပဲ"လို့ ပြောလိုက်သည်။

"မင်း ဘယ်လိုလုပ်ပြီး လူသေကို ရှင်အောင်လုပ်နိုင်တာ လဲ၊ မင်းက နတ်လား"

"ရှင့်ကို အစောကြီးကတည်းက ပြောပြချင်တာ၊ ရှင် တစ်မျိုးထင်မှာစိုးလို့ ရှင် မှတ်မိသေးလား မသိဘူး လွန်ခဲ့တဲ့ ငါးနှစ်လောက်က ရှင်တောလိုက်မုဆိုးတွေဖမ်းလာတဲ့ ကြိုးကြာငှက်ကောင်ကိုဝယ်ပြီး လွှတ်ပစ်ခဲ့တယ်လေ"

ညိုမောင် မှတ်မိသွား၏။ မနှင်းဆီက ဆက်လက်ရှင်းပြနေသည်။

"ရှင်လွှတ်လိုက်တဲ့ ကြိုးကြာဟာ ကျွန်မအဖေပဲလေ၊ အရင်က ရှင့်ကိုကျေးဇူးတင်တယ်လို့ပြောတာ ဒီအတွက်ကြောင့်ပါ။ တစ်နေ့က ရှင့်အတါက် ကျွန်မအဖေဟာ ယမမင်းဆီသွားပြောတယ်၊ ရှင့်အစားသေပါ့မယ်လို့ ခုနစ်ရက်လုံးလုံး ဝမ်းနည်းစွာတောင်းပန်မှ ရတော့တယ်။ အခုရှင်အသက်ပြန်ရှင်ပေမယ့် ရှင်မှာ ကိုယ်တစ်ပိုင်းသေရောဂါစွဲကပ်လိမ့်မယ်၊ ဒီရောဂါကို မြွေသွေးနဲ့အရက်ရောသောက်မှပျောက်မှာ"

ညိုမောင်သည် မြွေကိုမုန်းလွန်းလို့ ချက်ချင်းတောင် ဖမ်း

ချင်နေသည်။

မနှင်းဆီက

"မြွေဖမ်းဖို့ မခက်ပါဘူး။ ဒါပေမဲ့ အသက်ပေါင်းများစွာ သေကုန်မယ်။ ကျွန်မလည်း နှစ်ရာချီပြီး ကျွတ်တော့မှာမဟုတ်ဘူး။ အဲဒီမြွေရဲ့ဂူဟာ ကနေ့မိုးရှိလေးမြှားနဲ့ အသင့်စောင့်နေ။ ဒါဆို အဲဒီ မကောင်းဝါးကို မိလိမ့်မယ်"

သူမသည် ညိုမောင်ကို အကျိုးအကြောင်းပြောပြီး နှုတ်ဆက်၏။

"ကျွန်မ ရှင့်ကို ရေရှည်အဖော်မပြုနိုင်ဘူး။ သိပ်ကို ဝမ်းနည်းမိပါတယ်။ ဒါပေမဲ့ ကျွန်မကို စာနာပြီးခွင့်လွှတ်ပါ။ တရားကျင့်ထားတာ ဆႏၵသံပုံခုနစ်ပုံ ခုံးရှုံးသွားပြီ။ ကျွန်မဗိုက်ထဲမှာ လှုပ်လှုပ်နေတယ်။ ပုထုဇဉ်ဇာတိတွယ်နေပြီထင်တာပဲ၊ ယောက်ျားလေးမွေးမွေး မိန်းကလေးမွေးမွေး နောက်နှစ်မှာ ရှင့်ဆီကို ပို့ပေးပါ့မယ်"

မနှင်းဆီသည် ညိုမောင်ကိုပြောပြီးတာနဲ့ မျက်ရည်ကျကာ ထွက်သွားသည်။

ညိုမောင်သည် တစ်ညအိပ်ပြီးနောက် သူ့ကိုယ်အောက်ပိုင်း

တစ်ခုလုံး သေသွားပြီဆိုတာ သိ၏။ လုထုရိုက်ရိုက် ဘာမှမသိတော့ ၏။

တောလိုက်မုဆိုးများဖြစ်သော မုဆိုးကြီး မောင်ညိုမှိုင်းနဲ့ တပည့်တော်ကျော်တင့်နိုင်တို့သည် တပည့်လက်သားများနှင့်အတူ တောင်ကြီးတောကမ္ဘားအောက်သွားပြီး မြွေရှာကိုမီးနဲ့ ရှို့လိုက်၏။

မြွေဖြူကြီးတစ်ကောင်ဟာ မီးတောက်တွေထဲကနေ ပြတ်ထွက်လာ၏။ အပြင်က အဆင်သင့်စောင်ပြီး ဒူးလေးမျှားနှင့် ပစ်လိုက်သည်။

ဒီး...

ဒုတ် ...

ဝိုး ...

ဒုတ် ...

မြွေဖြူကောင်ကြီး ဒူးလေးမျှားထိ၏။ တောလိုက်မုဆိုးများက မီးငြိမ်းတာနဲ့ ဂူထဲဝင်ပြီး မြွေရှာ၏။ အထဲမှ မြွေသေ လေးငါးရာ ရှိလေ၏။ ဤမျှ များပြားစွာသော လူ၏အရိုးများကိုမြင်ရ၏။ သချိုင်း ဟောင်းများလေလားဟု ယုံမှားသံသယဖြစ်မိကာ...

"ဒီလူသေအနံ့တွေပေါ်နေတာဟာ ဒီနေရာမှာ ရှေးဟောင်း သင်္ချိုင်းဟောင်းနေရာနဲ့ တူပါလား" ဟုပြောရာ

တောလိုက်မုဆိုးကြီး မောင်ညိုမှိုင်းက …

"ဟာ…မဟုတ်တာ ကြည်တင့်နိုင်၊ ဘယ်ကလာ ဒီတော ကြီးထဲ သင်္ချိုင်းရှိနိုင်မလဲ၊ တောလည်လာတဲ့လူတွေ သေးဥပါဒ် တစ်ခုခုတွေ့ပြီး သေကြတာနဲ့ တူတယ်"

တောလိုက်မုဆိုးကြီး မောင်ညိုမှိုင်းက အကျိုးအကြောင်း ရှင်းပြီး မြွေများသယ်၍ ယူလာကြသည်။

ညိုမောင်၏အိမ်သို့ရောက်ပြီးလျှင် မြွေတွေ့တွေ့ရပြီး သုံးရက် လုံးလုံး ဆက်တိုက်ပြီးတာနဲ့ မြေနှစ်ဖက်လှုပ်ရှားလာနိုင်၏။ သုံးလ ကျော်မှ ကုတင်ပေါ်က ဆင်းလျှောက်နိုင်တော့သည်။

ညိုမောင်သည် ကျန်းမာရေး ကောင်းလာ၏။

မနှင်းဆီကိုတွေ့လိုစိတ် ပေါ်လာသည်။ တစ်ခါ သူတစ် ယောက်တည်း တောကြီးတောင်ကြီးကိုသွား၏။ တွေ့ရှိုးနှင့် ရှာဖွေ နေသည်။ တောင်ကြားလျှိုထဲမှာ ဟိုသွားဒီသွားနဲ့ သက်ပြင်းချနေ၏။

ရုတ်တရက် အဖွားကြီးဟာ အနီးနဲ့တုပ်ထားတဲ့ ကလေး

လေးကိုပိုက်ပြီး လာတွေ့၏။ ကလေးကို ညှိမောင်အားပေးပြီး ပြော လိုက်သည်။

"သမီးက မောင်ရင့်ကိုသတိရကြောင်း ပြောခိုင်းတယ်၊ မောင်ရင့် ရင်သွေးလေး…"

ညှိမောင်သည် မနှင်းဆီအကြောင်းမေးမယ်လုပ်တုန်းမှာပဲ အတွားကြီးပျောက်သွား၏။ ညှိမောင်ဟာ အနီးကို ဖြည်းပြီးကြည့်၏။ ယောက်ျားလေးဖြစ်နေ၏။

ညှိမောင်သည် ကလေးကိုချီပြီး အိမ်ပြန်လာခဲ့၏။

မနှင်းဆီကို မမေ့နိုင်တဲ့အတွက် တစ်သက်လုံး နောက်ထပ်မိန်းမ မယူတော့ဘဲ ကလေးနဲ့အတူ နေသွားသည်။

(မှတ်ချက်။ ။ တရုတ်ဂန္ထဝင်ပုံဝတ္ထုမှ)

❖ ❖ ❖

# မကောင်းဆိုးဝါး နတ်မိစ္ဆာမျက်နှာဖုံး

ကျောက်တန်းတောကြီးနယ်တစ်နယ်တွင် ဓားပြခုနစ်ယောက်ရှိသည်။ ဓားပြ ခုနစ်ယောက်တွင် အလွန်မိုက်မဲသော ဓားပြတစ်ယောက်ပါသည်။

တစ်နေ့တွင် ဓားပြခုနစ်ယောက်သည် သူဌေးကြီးတစ်ဦး အိမ်သို့သွားရန် ဓားပြတိုက်သည်။ ဓားပြတိုက်ပြီး၍ ပြန်လာရာလမ်းတွင် ကျောက်ဂူကြီးတစ်လုံးကိုတွေ့သည်။ ဓားပြခုနစ်ယောက်လည်း ခရီးဆက်မသွားတော့ဘဲ ကျောက်ဂူကြီးထဲ၌ နားနေအိပ်စက်ရန် ဆုံးဖြတ်ကြသည်။

မောမောပန်းပန်းနဲ့ ဓားပြခုနစ်ယောက်အနက် ဓားပြခြောက်

သည် မကြာမီ တခေါခေါ်နှင့် အိပ်ပျော်သွားလေတော့သည်။ မိုက်
သော ဓားပြတစ်ယောက်မှာမူ ဆာလောင်မွတ်သိပ်နေသောကြော
အိပ်၍ရတ်တရက် မပျော်ပေ။

အိပ်ရာမှ အသာလေးထကာ အစားအသောက်များကို ရှာ
သည်။ တိုက်ရာပါ ပစ္စည်းများကို ဖွင့်ကြည့်သည်။

တိုက်ရာပါပစ္စည်းများတွင် ပွဲလမ်းသဘင်ရှိသောအခါ၌
ကောင်းဆိုးဝါး နတ်မိစ္ဆာအဖုံကရာ၌ အသုံးပြုသော မျက်နှာဖုံး
ဝတ်စားတန်ဆာများထည့်ထားသော သေတ္တာတစ်လုံးပါသည်။ မိုက်
သော ဓားပြသည် ထိုသေတ္တာကိုဖွင့်ပြီး မကောင်းဆိုးဝါးမျက်နှာဖုံး
ကို စွပ်ကြည့်သည်။

ဝတ်စားတန်ဆာများကို ဆင်ယင်ကြည့်သည်။ ချမ်း
များကြောင့် တချွင်ချွင်အသံမြည်သွားသည်။

ချွသံကြောင့် အိပ်ပျော်နေသော ဓားပြတစ်ယောက်သည်
အိပ်ရာမှ ဆတ်ကနဲလန့်နိုးလာသည်။

ထိုအခိုက် အခြားသောဓားပြများလည်း မျက်စိကိုဖွင့်က
ဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကြသည်။ ဓားပြတစ်ယော

သည့် မကောင်းဆိုးဝါးမျက်နှာဖုံးနှင့် ဝတ်စားတန်ဆာဆင်မြန်းထား

သော မိုက်မဲသောဓားပြကို ရုတ်တရက်တွေ့မြင်သွားကြသည်။

တစ္ဆေအခြောက်ခံရလေပြီ။

ဓားပြခြောက်ယောက်သည် အကြောက်ကြီးကြောက်သွား

ကြသည်။

အထိတ်ကြီးထိတ်သွားသည်။

"နတ်မိစ္ဆာကြီးလာပြီ…နတ်မိစ္ဆာကြီးလာပြီ"

ငယ်သံပါအောင် အော်ရင်း ကြောက်လန့်တကြား

ထွက်ပြေး သွားကြသည်။

မိုက်မဲသော ဓားပြလည်း အကြောင်းအကျိုးရှင်းပြလိုသော

နှုတ်မှ ငါပါဟ၊ ငါပါဟ၊ ငါပါဟ ဟု ဟစ်အော်ပြောချင်သည်။

မည်သို့မပြောနိုင် နှုတ်မှလဲ ထွက်လာလေသည်။

အဖော်ဓားပြခြောက်ယောက်နှား ပြေးလိုက်သည်။

ဓားပြတို့သည် ပို၍ကြောက်ကြသည်။

"နတ်မိစ္ဆာကြီးလိုက်လာပြီ"ဟု ထင်ကာ အလျင်အမြန်

ဆုံး ထွက်ပြေးကြသည်။

လမ်းတွင် ရေတွင်းပေါက်တစ်ခုရှိသည်။

ဓားပြခြောက်ယောက်နောက်သို့ အပြေးလိုက်သည်။ မိုက်မဲသော ဓားပြသည်လည်း လမ်းတွင် ထိုရေတွင်းကိုတွေ့သည်။ အဖော်ဓားပြခြောက်ယောက်ကဲ့သို့ ရေတွင်းကို ခုန်ကျော်လိုက်သည်။ မကောင်းဆိုးဝါးအဝတ်အစားကို ဖိုသီဖတ်သီဝတ်ထားရင်း အဝတ်စထုတ်သောကြောင့် မိုက်မဲသော ဓားပြမှာ ရေတွင်းကိုမခုန်ကျော်နိုင်ပေ။ ရေတွင်းထဲသို့သာ လိမ့်ကျသွားတော့သည်။

ခေတ္တမျှကြာသောအခါ အမယ်အိုတစ်ယောက်သည် ရေတွင်းသို့ ရေခပ်ရန်လာသည်။

ရေပုံးကို တွင်းထဲသို့ တဖြည်းဖြည်းချသည်။

မိုက်မဲသော ဓားပြသည် ရေတွင်းထဲသို့ ရေပုံးတဖြည်းဖြည်းကျလာသည်ကိုတွေ့ရသောအခါ အလွန်ဝမ်းသာသွားသည်။ ရေပုံးထဲသို့ အသာလေးဝင်ထိုင်လိုက်သည်။ ရေပုံးကို ငင်သောအခါ အမယ်အိုသည် ခါတိုင်းထက် လေးလံနေသည်ကို သတိပြုမိသည်။

မည်သည့်အကြောင်းကြောင့် ဤမျှလေးလံနေရပါနည်းဟုလည်း တွေးတောမှန်းဆနေသည်။ အမယ်အိုသည် သိလိုဇောဖြင့်

အားသွန်ခွန်စိုက် ရေဖုံးကို တဖြည်းဖြည်းဆွဲတင်သည်။

ရေပုံးသည် တရွေ့ရွေ့တက်လာရာ ရေတွင်းဝနားသို့ပင် ရောက်လာသည်။

ရေပုံးထဲတွင် ထိုင်လိုက်လာသည့် မိုက်မဲသော ဓားပြသည် အလွန်ဝမ်းသာသွားသည်။

"အမေ…အမေ…အားနည်းနည်းပိုစိုက်ပြီး တစ်ချက်လောက် ဆွဲလိုက်စမ်းပါဦး"

အမယ်အိုလည်း အသံကြား၍ ရေပုံးကို လှမ်းကြည့်လိုက်သည်။ ရေပုံးထဲတွင် မကောင်းဆိုးဝါးမျက်နှာဖုံးစွပ်ကာ မကောင်းဆိုးဝါး ဝတ်စားဆင်ယင်ထားသည့် မိုက်မဲသောဓားပြကို လှမ်းမြင်လိုက်သည်။

"အမယ်လေး"

အမယ်အိုသည် နတ်မိစ္ဆာကြီးဟုပင် ထင်မှတ်သည်။ ကြောက်လန့်တကြား အော်ပြစ်ကာ ရေပုံးကို လွှတ်ချလိုက်သည်။

ရေတွင်းထဲသို့ ဝုန်းခနဲဝိုးကျသွားသည်။

ကယ်တင်မည့်သူမရှိသောကြောင့် အစာရေစာပြတ်ကာ

ရေတွင်းထဲ၌ သေဆုံးသွားလေသည်။

❖ ❖ ❖

# ကြိုးကြာငှက်ရဲ့ အသက်

သစ်ခုတ်သမားမောင်မဲသည် ပေါက်ဆိတ်တစ်လက်ကို ထမ်းကာ တောထဲသို့ သစ်ခုတ်ရန်ထွက်လာခဲ့သည်။

တောထဲသို့ရောက်၍ မိမိခုတ်မည့်သစ်ပင်များကို ရွေးချယ်မှတ်သားနေခိုက်တွင် သမှားစဖွယ်အော်မြည်ရင်း မိမိအပါး၌ ဝဲလည်ပျံသန်းနေသော ကြိုးကြာငှက်နှစ်ကောင်ကို သတိပြုမိသည်။ သစ်ခုတ်သမားမောင်မဲသည် ကြိုးကြာငှက်နှစ်ကောင်နောက်သို့ အသာလိုက်ခဲ့သည်။

ခေတ္တကြာသောအခါ ချုံပုတ်တစ်ခုအနီးသို့ ရောက်ခဲ့သည်။ ချုံပုတ်အတွင်း၌ ကြိုးကြာငှက်ဥများ တွေ့ရသည်။ မြွေတစ်ကောင်က ကြိုးကြာငှက်ဥများကို ပေါက်သတ်ရန် ပြင်နေသည်

ကိုမြင်ရသည်။

သစ်ခုတ်သမားမောင်မဲသည် တွေဝေငေးစားမနေဘဲ ဝေး၌ တွင်းရှိ ပုဆိန်ဖြင့် မြွေကိုခုတ်သတ်လိုက်သည်။

ထိုသို့ အဖြစ်အပျက်ဖြစ်ပြီး

ဆယ်နှစ်ခန့်ကြာသောအခါတွင် သစ်ခုတ်သမားမောင်မဲ သည် အခြားနယ်တစ်နယ်သို့ ဆိုးထွက်လာခဲ့သည်။ ခရီးထွက်လာ ရင်း တစ်ညတွင် မောင်မဲသည် မျက်စိလည် လမ်းပျောက်သွား သည်။

တောကြီးမျက်မည်း၌ စမ်းတဝါးဝါးရှာသည့်လည်းမတွေ့သည်။

မိမိသည် တောခြောက်သည့်သတော့အရာကို နေတည် မှုဆိုးပမ် မိုးသစ်ခုတ်သမားဘဝဖြစ်၏။

နောက်ဆုံး၌ မောင်မဲသည် မီးရောင်တစ်လက်လက် တောက်နေသော သစ်သားအိမ်လေးတစ်လုံးကို မြင်ရသည်။

"အိမ်ရှင်တို့ . . ."

မောင်မဲသည် တံခါးကို ညင်သာစွာခေါက်လိုက်သည်။ အိပ် အားတောက်သွား၏။ ဝမ်းမြောက်စရာဖြစ်နေသည်။ တံခါးသည်း

ချက်ချင်းပွင့်လာပြီး လှပသော မိန်းမပျိုလေးတစ်ယောက် ထွက်လာသည်။ မိန်းမပျိုလေးက ချိုသာသောမျက်နှာထားဖြင့် ဖော်ရွေစွာ ကြိုဆိုသည်။

စားဖွယ်များဖြင့် လိုလေသေးမရှိအောင် ဧည့်ဝတ်ပြုသည်။

စားသောက်ပြီးစီးသောအခါ မောင်မဲသည် အလွန်ကျေးဇူးတင်ကြောင်း ဖွင့်ဟပြောကြားသည်။

"ဒီတောကြီးမျက်မည်းထဲမှာ ကျုပ်နှမတစ်ယောက်တည်း နေပါသလား။ မိဘများကော မရှိဘူးလား။ ရှိရင် ဘယ်ဒေသသို့ ယခု သွားနေကြပါသလဲ"

မောင်မဲသည် မေးလိုက်သည့်စကားနှင့် ချောမောနွတ်သော မိန်းမပျိုသည် ခက်ထန်ကြမ်းကြုတ်သောအသွင်သို့ ပြောင်းသွားသည်။

မိန်းမပျိုသည် မောင်မဲအား ရှုရှုမဲမဲ စိုက်ကြည့်ပြီးနောက်

"အင်း. . .မောင်ကြီး အမေးရှိတော့ အဖြေရှိရမှာပေါ့ တောကြီးမျက်မည်းကြီးမှာ နှမတစ်ယောက်တည်းနေပါတယ်၊ မိဘများတစ်ယောက်မျှ မရှိပါ။ နှမမှာ အခြားသူမဟုတ်ပါ။ မောင်ကြီး

၏ ပုဆိန်ကြောင် လွှန်ခဲ့သောဆယ်နှစ်က သေဆုံးခဲ့သော မြွေပင် ဖြစ်ပါတယ်။ မောင်ကြီးကို လက်စားချေရန် လူယောင်ဖန်ဆင်းခြင်း ဖြစ်ပါတယ်။ အိုမောင်ကြီး ကြောက်သွားသလား။ လန့်သွားသလား။ ထိတ်လန့်သလား။ မကြောက်ပါနဲ့ မလန့်ပါနဲ့ မထိတ်လန့်ပါနဲ့ လုပ်ရဲ ရင် ခံရဲရမှာပေါ့၊ နှမကို မောင်ကြီး ရဲရဲကြီးခုတ်သတ်ခဲ့သလို မောင်ကြီးကိုလည်း နှမ လုလုကြီးကိုက်သတ်ရပါတော့မယ်၊ ဘုရား သာ အောက်မေ့ပေတော့ မောင်ကြီး"

ပိန်းမပျိုလေးက တင်းတင်းမာမာ မောင်မဲကို ပြောလိုက် သည်။

မိန်းမပျိုစကားကြားရသောအခါ မောင်မဲသည် ထိတ်လန့် တုန်လှုပ်သွားသည်။ အသက်ဘေးမှ ချမ်းသာပေးပါရန်အကြောင်း တောင်းပန်သည်။

"မောင်ကြီး နှမလေး စဉ်းစားကြည့်ပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်က မြွေတစ်ကောင်ကိုသတ်ခဲ့ဖူးတာ မှန်ပါတယ်။ အဲဒီမြွေဟာ နှမလေး ဖြစ်တယ်ဆိုရင် မောင်ကြီးတောင်းပန်ပါတယ်၊ ဝမ်းလည်းနည်းပါ တယ်၊ အမှန်တော့ အဲဒီမြွေကို မောင်ကြီး တမင်သက်သက်

အကြောင်းနဲ့သတ်တာ မဟုတ်ပါဘူး။ ကြိုးကြာဥတွေကို ဖောက်သောက်မဲ့ဟာန်မြင်နေတာကြောင့် ကြိုးကြာဥတွေအားလုံး ကုန်သွားမှာပဲ ဒါတွေတွေ့ပြီး မောင်ကြီးသနားသွားပါတယ်။ ကရုဏာ ဖြစ်မိတယ်။ ဒါကြောင့် အဲဒီမြွေကို မောင်ကြီးသတ်ခဲ့ခြင်းဖြစ်ပါ တယ်။ မလွဲသာလို့ သတ်ခဲ့ခြင်းဖြစ်ပါတယ်။ ကိုယ်ကျိုးအတွက် သတ်ခဲ့ခြင်းမဟုတ်ပါဘူး။ မောင်ကြီးကို နှမလေးစဉ်းစားဆင်ခြင် ပြီး မောင်ကြီးအသက်ကို ချမ်းသာပေးပါ"

မောင်မဲသည် မိန်းမပျိုလေးကို ရှင်းပြအသနားခံလေသည်။

မိန်းမပျိုလေးသည် ခေတ္တမျှ တွေဝေစဉ်းစားပြီး

"အင်း . . . မောင်ကြီးဘက်က ကြည့်ပြန်တော့ မောင်ကြီး ပြုမူခဲ့တာတွေဟာ အဆိုးလို့ မဆိုနိုင်ပေဘူး။ ဒါကြောင့် မောင်ကြီး ပြုမူခဲ့တာဟာ အဆိုးလို့မဆိုနိုင်ပေဘူး။ ဒါကြောင့် မောင်ကြီးကို သက်ညှာပါ့မယ်၊ အဲသက်ဘေးမှ လွတ်မြောက်နိုင်တဲ့ အခွင့်အလမ်း တစ်ခုတော့ နှမလေးပေးပါ့မယ်၊ နှမလေးခိုင်းတဲ့အတိုင်း မောင်ကြီး ပြုဆောင်နိုင်ရင် မောင်ကြီးကို မသတ်တော့ဘဲ နှမလေး လွှတ်လိုက် ပါ့မယ်။ မောင်ကြီး ပြုဆောင်ရမယ့်အမှုကတော့ အခြားမဟုတ်ပါ။

နမလေးအိမ်နဲ့မလှမ်းမကမ်းမှာရှိတဲ့ တောင်ကုန်းထိပ်မှာ ကျောင်းပျက်ကြီးရှိပါတယ်။ ကျောင်းပျက်ကြီးထဲမှာ အလွန်ကြီးတဲ့ ခေါင်းလောင်းကြီးတစ်လုံးရှိတယ်။ အဲဒီခေါင်းလောင်းကြီးမြည်အောင် ထိုင်ရာမှ မထဘဲ မောင်ကြီး အခုချက်ချင်းဆောင်ရွက်ရန်ပင်ဖြစ်ပါတယ်။ အဲဒီလိုပြုဆောင်နိုင်ရန် အသက်သေးမှ မောင်ကြီးကို ချမ်းသာပေးပါမယ်။ ပြုဆောင်နိုင်ရင်တော့ မောင်ကြီးကို ချမ်းသာပေးပါမယ်၊ မပြုဆောင်နိုင်ရင်တော့ မောင်ကြီးအသက်ဆုံးအောင် နမလေး ပေါက်သတ်လိုက်မယ်"

မိန်းမပျိုသည် မောင်မဲအား ပြောလိုက်သည်။

၊ မိန်းမျိုး၏စကားကို ကြားရသောအခါ မောင်မဲသည် "ပြုဆောင်၍မဖြစ်နိုင်သောအမှုကိစ္စကို ခိုင်းပါတကား" တွေးလျက်အလွန်စိတ်ပျက်အားငယ်သွားသည်။

"မောင်ကြီး နမလေးရယ်၊ ယခုထိုင်ရာက မထဘဲ အဝေးမှာ ရှိတဲ့ခေါင်းလောင်းကို အသံမြည်အောင် ဘယ်သူပြုဆောင်နိုင်ပါ မလဲကွယ်၊ နမလေးခိုင်းစေတဲ့အမှုဟာ ဘယ်နည်းနဲ့မှ ဆောင်ရွက်ရန် မဖြစ်နိုင်တဲ့အမှုဖြစ်ပါတယ်။ မဖြစ်နိုင်တဲ့အမှုကို

နိုင်းစေခြင်းဟာ မောင်ကြီးကို တမင်သက်သက် ပြောင်လှောင်ကျီစယ်ခြင်းသာ ဖြစ်ပါလိမ့်မယ်"

မိန်းမပျိုလေးက ခက်တန်မာကျောသောလေသံဖြင့်

"မောင်ကြီးရှင့် နမလေးခိုင်းတဲ့အမှုကို မောင်ကြီး တကယ်ပဲ မဆောင်ရွက်နိုင်ဘူးလား။ မဆောင်ရွက်နိုင်ဘူးဆိုရင်တော့ မောင်ကြီးကို နမလေးပေါက်သတ်ရပါလိမ့်မယ်"

ချောမောလှပသော မိန်းမပျိုလေးသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသော မြွေကြီးတစ်ကောင်အသွင်သို့ ရုတ်တရက်ပြောင်းလဲသွားသည်။ မြွေကြီးသည် ပါးပျဉ်းထောင်ရာမှ ကြောက်လန့်ဘကြီး တုန်လှုပ်နေသော မောင်မဲကို ပေါက်သတ်ရန် ဟန်ပြင်လိုက်သည်။

ထိုခဏ၌ တိတ်ဆိတ်သောညဥ့်ယံကို…

ဖေါက်ထွင်းလာသော

သာယာစွာပြည့်ဝှင်နိုးလာသော ခေါင်းလောင်းသံကို ဆွတ်ပျံ့ကြည်နူးဖွယ် ကြားရလေသည်။ ပေါက်မည်ဟန်ပြင်နေသော မြွေကြီးလည်း တွန့်လိမ်သွားကာ ချောမောလှပသော မိန်းမပျိုလေး

အသွင်သို့ ရုတ်တရက် ပြောင်းလဲလာ၏။

မိန်းမပျိုလေးသည် သက်ပြင်းချသံကို ကြားရ၏။

"မောင်ကြီးရှင့်…မောင်ကြီးကို ရတနာသုံးပါးက စောင့်ရှောက် ကယ်လိုက်ပါပြီ။ မောင်ကြီးကို နမလေး ရန်ရှာလို့မရတော့ပါဘူး။ ဘေးအန္တရာယ်မှ လွတ်မြောက်သွားပါပြီ"

မိန်းမပျိုလေးသည် မောင်မဲ မျက်စိအောက်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

နောက်တစ်နေ့ နံနက် အရုဏ်တက်ချိန်တွင် မောင်မဲသည် ရှင်လန်းကြည်သာစွာ အိပ်ရာမှ နိုးလာသည်။ အိပ်ရာမှ နိုးနိုးချင်း ပေါက်ဆိန်းကို ကိုင်စွဲကာ မလှမ်းမကမ်းရှိ တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့သည်။

တောင်ကုန်းလေးပေါ်တွင် ပျက်စီးယိုယွင်းနေသော ကျောင်းပျက်ကြီးတစ်ခုရှိ၍ အတွင်း၌ သပ္ပါယ်သော အဆင်းရှိသည့် ဗုဒ္ဓရုပ်ပွားတော်အကျိုးအပဲ့များကို တွေ့ရသည်။

ထို့ပြင် ကြီးမားလှသော ခေါင်းလောင်းကြီးတစ်ခုကိုလည်း တွေ့ရပြန်သည်။ ခေါင်းလောင်းကြီးအနီးမြေပြင်တွင်မူ ပိုးလိုးပက်လက်

သေဆုံးနေသော ကြိုးကြာငှက်နှစ်ကောင်ကို တွေ့ရပေ၏။

ကြိုးကြာငှက်မများ၏ ဦးခေါင်းများမှာ ကွဲကြေနေကာ အတောင်များမှာလည်းစုတ်ပြတ်လျက်ရှိ၏။

သွေးစီးများသည်လည်း တစ်ကိုယ်လုံးပေကျံလျက် ရှိ၏။ မောင်မဲသည် ခေါင်းလောင်းကြီးကိုမော့ကြည့်လိုက်ရာ သွေးစီးများ ပေကျံလျက်ရှိသည်ကို တွေ့ရသည်။

မောင်မဲသည် မနေ့ညက ထူးဆန်းစွာထွက်ပေါ်လာသော ခေါင်းလောင်းသံများသည် ကြိုးကြာငှက်နှစ်ကောင်က ဤခေါင်းလောင်းကြီးကို တစ်ကိုယ်လုံးဖြင့် ဝင်တိုက်ရာမှ မြည်ဟိန်းထွက်ပေါ်လာခြင်းဖြစ်ကြောင်း အကြောင်းအကျိုးဆက်စပ်ကာ သိမြင်သွားတော့သည်။

ခေါင်းလောင်းသံကြောင့်ပင် သေဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့သည်။ ခေါင်းလောင်းသံသည် မောင်မဲအသက်ကို ကယ်ခဲ့သည်။

မောင်မဲသည် လွန်ခဲ့သော သယ်နှစ်ခန့်က ကြိုးကြာငှက်များကို ကူညီစောင်မခဲ့သည်။

သနားကြင်နာခဲ့သည်။

ကျေးဇူးကို ကြိုးကြာငှက်များကို ပြခဲ့သော အမူကိုပြုလျက် ပေးဆပ်ခဲ့ရချေပြီတကား။

အသက်စွန့်လျက် ပေးဆပ်ခဲ့ချေ၏။

အဟိတ်တိရစ္ဆာန်ဖြစ်ပါလျက် ကျေးဇူးသိတတ်လှပါသည်။

မောင်မဲသည် တွေဝေငေးမောရာမှ ကြိုးကြာငှက်လေးများကို တယုတယ ကောက်ယူကာ ခေါင်းလောင်းကြီးခြေရင်းကွင်းပြင် ကျူးလျက် ကျကျနနမြှုပ်နှံလိုက်သည်။

ကျောင်းဆောင်ပျက်အတွင်းသို့ဝင်ကာ ဗုဒ္ဓရုပ်ပွားတော်များရှေ့၌ ကိုယ်ကိုဝပ်ဆင်းကာ ရှိခိုးဝတ်ပြုလေသည်။

ရှိခိုးဝတ်ပြုပြီးသောအခါတွင် မောင်မဲသည် ကြိုးကြာငှက်များကို ရည်မှန်းကာ အမျှဝေပြီး နောက် သုံးကြိမ်တိတိ ခေါင်းလောင်းထိုးလိုက်၏။

ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော ခေါင်းလောင်းသံသည် တောအနှံ့တောင်အနှံ့ သာယာစွာ ပျံ့နှံ့သွားလေတော့သည်။

# သရဲပေးတဲ့ဥစ္စာ

ညှိမောင်သည် အလုပ်အကိုင်မရှိ။ မကျန်းမမာဖြင့် ဧနီးသည်က

ဈေးရောင်းပြီး ရှာဖွေကျွေးမွေးရ၏။

လင်ယောက်ျားဟာ ကျန်းမာလာပြီး နာလန်ထဖြစ်သည့် အခါ်ိုင်း

အစားအသောက်တစ်ခုပြီးတစ်ခု စားချင်တာကြောင့် ငွေ

ကြေးကုန် ခန်းသဖြင့် မယားဖြစ်သူက မြည်တွန်တောက်တီးနေသည်။

, ရွှာထိပ်တောစပ်မှာ ဆောက်လုပ်ထားတဲ့ ဇရပ်မှာ လူသူ

မနေတာကြာတော့ ဟောင်းနွမ်းပျက်စီးနေသည်။

ဖြတ်သွားဖြတ်လာဆိုလို့ နွားကျောင်းသားနဲ့ ထင်းခုတ်သမား

လောက်ဘဲရှိတာ၊ ညဥ့်အချိန်အခါဆိုရင်တော့ ဘယ်သူကမှ ဖြတ်

သွားဖြတ်လာကပ်တဲ့သူမရှိဘူး။ ညဥ့်အချိန်မှာ သရဲအလွန်ခြောက်

သည့်ဟု နာမည်ကြီးနေပါသည်။

မိုးက သည်သည်းမည်းမည်းကို ရွာနေလိုက်သည်၊ မိုးက လဲ တိတ်ကိုမတိတ်နိုင်ဘဲရှိသည်။ ထင်းခုတ်ရာက ပြန်လာတဲ့ ရွာထဲက ကိုညိုမောင်တစ်ယောက်ဟာ မိုးခိုရင်း ယင်းတဲထဲမှာ ဝင်နိုပြီး နားနေသည်။

ကိုညိုမောင်သည် တကယ့်ကို စိတ်ခိုင်မာတဲ့ ယောကျ်ား တစ်ယောက်၊ တစ္ဆေသရဲဆိုတာတွေကို ယုံလဲမယုံဘူး။ ကြောက် ရွံ့စိတ်ထဲမရှိ။

မိုးတိတ်နိုးနိုးနဲ့ စောင့်နေလိုက်တာ၊ မိုးကလဲ မတိတ်နိုင်။ သရဲအလွန်ခြောက်တယ်လို့ နံမည်ကြီးနေတဲ့ ဇရပ်မှာ တစ်ညနေ ဖို့ စိတ်ဆုံးဖြတ်ပြီး ထင်းစီးကလေးဘေးချကာ မိုးလုံတဲ့နေရာကို ရှေ့လိုက်သည်။

ညဥ့်သန်းခေါင်ယံအချိန်မှာ "ဝုန်း"ခနဲ ခုန်ချလိုက်သည့် အသံကို ကြားလိုက်သည်။

"ညိုမောင် . . .သူငယ်ချင်း မတွေ့တာကြာပြီ မင်းက ငါ့ကို မေ့ပြီလား"

အသံနက်ကြီးနဲ့အော်ပြီးပြောနေတဲ့ အသံကို အိပ်နေရာက ကြားနေသည်။ ပထမတော့ စိတ်ကထင်မှတ်နေတယ်လို့ ထင်မိ၏။ အသံနက်ကြီး ပြောလိုက်သည်။

"ငါ့ကို မခြောက်နဲ့ ငါ မကြောက်ဘူး ညိုမောင်ဆိုတာ ငါပဲ"

"သရဲသာအေးပါ။ မင်း မှတ်မိဘူးလား"

"ဩော် သာအေး ပါလား"

"ဟုတ်တယ် သူငယ်ချင်း၊ ငါသေတာ ခုနစ်နှစ်၊ ရှစ်နှစ် လောက်ရှိပြီ၊ သရဲဘဝနဲ့ နေလာခဲ့တယ်၊ ဒီဇရပ်မှာ ကပ်ပြီးနေတယ်"

သရဲသာအေးမှာ ညိုမောင်ကိုဖက်ပြီး တရှုံ့ရှုံ့နဲ့ ငိုနေသည်။ ညိုမောင်လဲ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်ကို ဖြစ်သွားမိသည်။

"အေးလေ--အလုပ်ဆိုတာ လုပ်နေရမှာပဲ၊ ငါလဲ လူ့ဘဝ တုန်းက မယားကျွေးမှု၊ သားကျွေးမှုတွေ လုပ်လာခဲ့တဲ့သူပဲ၊ ကိုယ်ချင်းစာပါတယ်ကွာ"

"ညိုမောင် ငါ့အတွက် တစ်ခုအကူအညီပေးမလား"

သရဲ သာအေး စကားကို သေသေချာချာနားထောင်လို့ နေ၏။

"ကျွန်တော်တတ်နိုင်တာဆိုရင် အကူအညီပေးပါမယ် သာအေး"

"မင်းလဲ အလုပ်နဲ့လက်နဲ့ မပြတ်အောင်ကို အလုပ်လုပ်နေတဲ့သူပဲ တတ်နိုင်ပါတယ်ကွာ၊ ငါ ဒီဇရပ်မှာ သရဲဖြစ်နေတာ ကြာလှပြီ၊ ငါ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တစ်ခုခု ပြုလုပ်ပေးမယ့်လူမရှိလို့ ငါခံနေရတာ၊ ငါလဲ ဒီဘဝက ကျွတ်ချင်ပြီကွာ၊ ဒီတော့ မင်းငါ့အတွက် သံဃာငါးပါးပဲဖြစ်ဖြစ်၊ သုံးပါးပဲဖြစ်ဖြစ် ဆွမ်းပင့်ကျွေးပြီး သင်္ကန်းကလေးဘာလေး၊ မင်းငါ့အတွက်ရည်စူးပြီး အလှူအတန်းပြုပေးရင် ငါ ဒီဘဝဆိုးကြီးက ကျွတ်လွတ်သွားမှာ"

သရဲ သာအေးသည် ငိုသံဝဲဝဲနှင့် ပြောရှာသည်။

ညိုမောင်သည် ဘာပဲဖြစ်ဖြစ် သရဲ့အပေါ်မှာ စေတနာ မေတ္တာ သဒ္ဓါစိတ် ပေါ်ပေါ်တာတာနဲ့ ပြုပေးပါမယ်လို့ ကတိစကားပြောလိုက်သည်။

"သူငယ်ချင်း ငါနဲ့ခဏလိုက်ခဲ့ ပြစရာရှိတယ်"

ညိုမောင်သည် သရဲသာအေးခေါ်ရာနောက်သို့ လိုက်ခဲ့သည်။ တစ်ဖက်သို့ရောက်ချိန်တွင် အမျိုးသမီးတစ်ဦး စောင့်ကြို လျက်ရှိသည်ကို တွေ့ရသည်။

အမျိုးသမီးခေါ်ဆောင်ရာနောက်သို့ ညိုမောင်က လိုက်သွားရသည်။

မကြာမီ အလွန်ကြီးကျယ်သော ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွား၍ ဟိုဟိုဒီဒီ ပတ်လည်အား ကြည့်လိုက်သည်။

အလွန်သာယာသော ရေတွင်းရေကန် ပန်းမာန်ဝင်ဖြင့် ခြံယ လုပ်ထားသော ဥယျာဉ်ကြီးတစ်ခုကို တွေ့ရသည်။

ပန်းမျိုးစုံ သစ်သီးမျိုးစုံအပင်တို့မှာ တွေ့မြင်ဖူးသော အသီးအပွင့်မျိုးမဟုတ်ဘဲ အလွန်တစ်ရာထူးကဲလှပသော အဆင်းအနံ့နှင့် ပြည့်စုံလှပေ၏။ အချို့အပင်များမှာ အသီးအပွင့်နှင့်အရိုးအရွက်များတွင် ရွှေရောင်ငွေရောင် ပတ္တမြားရောင်အဆင်းရှိလျက် အချို့အပင်များမှာ ပုလဲအဆင်း၊ နီလာအဆင်း၊ မဟူရာအဆင်း တလင်းလင်းတလက်လက်အရောင်မျိုးစုံ ထွက်၍ နေလေ၏။

ရွှေဒဲ့လည်းဒဲ့ပမာ သာယာကြည်လင်စိတ်လက်ရွှင်လန်း စေမယ် တင့်တယ်လှပေ၏။

ရွှေကမွမ်းတောင် ရွှေကွမ်းခွက်၊ ရွှေလှက်ခွက်၊ ရွှေပန်း ခက်၊ ရွှေပန်းခိုင်၊ ရွှေသေတ္တာ၊ ရွှေခိုးအမျိုးမျိုးအထွေထွေ ရွှေမန် ကျည်းတောင့်တွေကလည်း တောင်ပုံရာပုံ ရှိလေသည်။

တစ်ဆောင်တစ်ခန်းသုံး ရွှေရောင်လျှံမြုံးပြီး လုံးလုံးကြီး ဝင်း ဝါထိန်လင်း၍ နေလေသည်။

ယင်းကဲ့သို့ ညိုမောင့်အား ပြသသည်။

ဒီပစ္စည်းတွေဟာ ရှင်နဲ့လည်း ဆိုင်ပါတယ်။ ဒါပေမဲ့ ရှင့် ကို အကုန်ပေးလို့မဖြစ်ဘူး။ အဲဒီတော့ ရှင်တို့ငနီးမောင်နဲ့ ထိုက်သင့် တဲ့ အခြေအနေဖြစ်အောင်တော့ ကျွန်မတို့ ပေးလိုက်မယ်၊ ဟို ရွာဖျားစေတီပျက်ရဲ့တောင်ဘက်ယွန်းယွန်းမှာရှိတဲ့ ထန်းသုံးပင် အလယ်မှာ ရှင်တူးယူပေတော့”

ညိုမောင်သည် ထိုအမျိုးသမီးပြောစကားကို သေချာမှတ် ထားလိုက်သည်။

နောက်တစ်နေ့ရောက်သောအခါ

ညီမောင်သည် ကြက်ဦးတွန်စဝေလီဝေလင်းအချိန်တွင် ပေါက်တူးတစ်လက်ကို ထမ်းကာ ထန်းသုံးပင်ရှိရာသို့ အရဲစွန့်ကာ သွားရသည်။ ဇနီးသည် မယ်ဖေါ်က တောင်းကလေးကိုရွက်၍ လိုက်လာခဲ့သည်။

ညီမောင်သည် ထန်းသုံးပင်အလယ်ဗဟိုတည့်တည့်တွင် သူ့ဆောင်ပါလာသော ပေါက်တူးဖြင့် တူးလေရာ အနက်တစ်တောင် ကျော်ကျော်တွင် တစ်ဆယ်ဝင်စဉ့်အိုးတစ်လုံးကို ပေါက်ပြားဖြင့် ကော်၍ ဖွင့်လိုက်ရာ ဖြူဖွေးတောက်ပြောင်နေသော ငွေဒင်္ဂါးများ ကို တွေ့ရှိခဲ့လေသည်။

ငွေဒင်္ဂါးပြားများကိုကြည့်ကာ ဝမ်းမြောက်ခြင်းအံ့သြခြင်းများ စွာဖြစ်နေတော့သည်။

ရွာဦးကျောင်းဆရာတော်ထံသို့ ပို့ဆောင်ပြီး ငွေအိုးရခဲ့သည် အထိ ဇာတ်လမ်းစုံကို ဆရာတော်အား လျှောက်ထားလေသည်။

ညီမောင်သတင်းသည် တမဟုတ်ခြင်း ပျံ့နှံ့သွားရလေသည်။ ဆရာတော်ကလည်း ရွာရှိလူကြီးများနှင့်တိုင်ပင်ကာ ကိုညီမောင်တို့ ဇနီးမောင်နှံအတွက် နိုင်မာသော အခြေခံရအောင် စီးပွားရေးလုပ်ငန်း

တစ်ခုကို ပိုင်းဝန်းဖန်တီးပေးကြလေသည်။

ကံထူးလှသည့် ဇနီးမောင်နှံ၏ ပေးမိန့်နေသော ဘဝမှ တောက်ပြောင်ရွှန်းပသော ကာလဒေသသို့ ရောက်ရှိခဲ့တော့သည်။

နောက်တစ်ပတ်လေး ကြာတဲ့အခါမှာတော့ ကိုညိုမောင် နဲ့ မယ်ဖေါ့တို့ရဲ့ နေအိမ်မှာ သံဃာင်းပါးကို ဆွမ်းပင့်ကျွေးလိုက်သည်။ လှူတွေကိုတော့ တောခလေ့အတိုင်း ဝက်သားထမင်းများပါ ကျွေးမွေး ဦးခေါင်ဦးချွက်ပြုတဲ့ သံဃာကိုတော့ သင်္ကန်းတစ်စုံကို ညိုမောင် ကိုယ်တိုင် သူ့ရဲ့ သာဒြေးနှင့်မိတ်ဆွေအပေါင်းအသင်းများကိုရည်စူး ပြီး . . .

ဘဝထိုထိုက ပြုလုပ်ခဲ့တဲ့ ဒါနကုသိုလ်

သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ မျက်မှောက်ဘဝ၌ ပြုလုပ်ခဲ့တဲ့ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် အစုစုကို ရကြပါစေ . . . အမျှ . . . အမျှ . . . အမျှ ပေးဝေပါတယ်။ ရောက်ရာ ကြားရာသိရာမြင်ရာဘဝက ရောက်ချ အမျှအတန်းပေးဝေပါတယ်။

❖ ❖ ❖

# ကျပ်ပိတ္တာ

မောင်ညှိမှိုင်းဆိုတဲ့ လူတစ်ယောက်ရှိသည်။

ချမ်းသာတဲ့အိမ်ထောင်ကပါပဲ။ သူသည် မိုက်ခွေအပေါင်းအသင်းတွေကို ခုံမင်သည်။

တစ်ရွာထဲနေ ကြည်တင့်လိုခေါ်တဲ့သူ တစ်ယောက်ဟာ အမြဲတမ်း သူ့အိမ်ကိုသွားသွားပြီး အရက်သောက်သည်။ တစ်နေ့မှာ မောင်ညှိမှိုင်းနဲ့ စားသောက်နေရာန်း ကပွဲယကြီးခွမ်းတောင်းကို ပိုက်ပြီး အိမ်ရှေ့မှာ ရပ်နေသည်။

ငွေနဲ့ဆန့်လှူသည်။

လက်မခံဘူး။ သွားလည်းမသွား ရနသည်။

အိမ်စေသည် စိတ်ဆိုးတာနဲ့ ဂရုမစိုက်ဘဲ နေလိုက်သည်။ အိမ်ရှင်မောင်ညှိမှိုင်းဟာ အမြင်က ကပွဲယကြီးမှာ ကြေးစည် တာလု

နေ၏။

"ဘာဖြစ်နေတာတုန်း"

အိမ်စေက အကျိုးအကြောင်း ပြောပြသည်။

မောင်ညိုမှိုင်းသည် လုပ်ကြည့်သောအခါမှာ အိမ်အတွင်းကို ဝင်လာသည်။ မောင်ညိုမှိုင်းသည် သူ့ကိုထိုင်ဖို့ နေရာပေးသည်။

ကပ္ပိယကြီးဟာ အိမ်ရှင်ညွှဲသည်တွေကို နှုတ်ဆက်ပြီး အားမနာတမ်း ဝင်ထိုက်သည်။

စကားစမြည်ပြောရင်း သူ့ ဒီရောက်လာတာ မကြာသေး ဘူး။ အရှောက်က ဘုရားကျောင်းထဲမှာ နေတယ်ဆိုတာ သိရသည်။

မောင်ညိုမှိုင်းက မေးသည်။

ဘယ်တုန်းက ရှေ့ဘက်ကျောင်းထဲလာနေတာလဲ၊ ကျွန်တော်မကြားမိပါလား။ ဒါကြောင့် အိမ်ရှင်ဝတ္တရားမကျေပွန်သလို ဖြစ်နေပြီး . . .

"ကျွန်တော် ဒီဒေသကို ခုမှရောက်လာတာဆိုတော့ မိတ် ဆွေမရှိ၊ ခင်ဗျားက မိတ်ဆွေသင်္ဂဟအပေါင်းအသင်းတွေ ခင်မင် မြတ်နိုးတယ်လို့ ကြားတာနဲ့ ရောက်အောင်လာတာပါ။ ခင်ဗျားဆီ

မှာ အရက်လည်းသောက်ရင်းပေါ့"

မောင်ညိုမှိုင်းက သူ့ကိုအရက်တည်သည်။

ကပ္ပိယကြီးက ခွက်ကိုင်မော့ပြီး ဝမ်းသာအားရသောက်သည်။

အရပ်တကာလှည့် အလှူခံတဲ့သူလို့ သဘောထားသည်။

မောင်ညိုမှိုင်းသည် အိမ်မှာထမင်းဖိတ်ကျွေးကိုင်း ကပ္ပိယကြီးဟာ မဖိတ်ဘဲ သူ့ဘာသာ ရောက်လာသည်။

ဟင်းတွေ့ရင် နှိုက်စား။

အရက်တွေ့ရင် သောက်။

မောင်ညိုမှိုင်းသည် သူ့ကို နည်းနည်းတော့ မနှစ်သက်သလိုဖြစ်လာသည်။

တစ်ကြိမ်မှာတော့ အရက်သောနေကြရင်း ကြည်တင့်နိုင်က ကပ္ပိကြီးကို ငေါ့ပြောလိုက်သည်။

"ခွင်ဗျားဟာ နေ့တိုင်း သူများဆီလာစားတယ်၊ တစ်ခါတလေလ ဒကာလုပ်ဦးမှပေါ့"

ကပ္ပိယကြီးက ရယ်လိုက်ပြီး

"ကျုပ်လဲခင်ဗျားနဲ့အတူတူပါပဲ၊ သူများဆီက ခင်မင်မှုကို အကြောင်းပြုပြီး အလကားစားတတ်တဲ့ပါးစပ်ပါတယ် မဟုတ်လား"

ကပ္ပိယကြီးပြောလိုက်တာ ကြည်တင့်နိုင်မှာ အနာတုတ်ကျ လို ရွှေရွှေခုန်နေတော့သည်။

ကြည့်တင်နိုင်မှာ မျက်နှာကြီး နီသွားပြီး အသလိုဖြစ်သွား သည်။

"စိတ်မဆိုးပါနဲ့ဗျာ၊ ချစ်လို့စွင်လို့နေတာက ကျုပ်မှာ အစော ကြီးကတည်းက အကာခံချင်တဲ့စိတ်ရင်းစေတနာရှိပြီးသားပါ၊ ကျုပ်လဲ ကျုပ်တတ်နိုင်သလောက် ခင်ဗျားတို့ကို ပြုစုမှာပါ"

စားသောက်ပြီးတာနဲ့ ကပ္ပိယကြီးက ပြောလိုက်သည်။

"မနက်ဖြန်ညနေပိုင်းလောက်မှာ ခင်ဗျားတို့ ကျုပ်ဆီ ကြွခဲ့ စေချင်ပါတယ်" ပြောလိုက်သည်။

နောက်တစ်နေ့ညနေပိုင်း မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင် တို့ အရှေ့ကျောင်းဘက် သွားကြသည်။

လမ်းကသွက်ကြီးနေတာ တွေ့သည်။ ဘုရားကျောင်းထဲဝင် သွားပြီး အတွင်းမှာ အသစ်စက်စက်ဖြစ်နေသည်။ အဆောက်တွေ

အဆောင်တွေ အထပ်ထပ် ဖြစ်နေသည်။

မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်ဟာ အံ့ဩမကာ အံ့ဩသွားသည်။

"ဒီကို မရောက်တာကြာပြီ ဒီအဆောင်တွေ ဘယ်တုန်းက ဆောက်တာလဲ"

"မကြာခင်ကမှ ပြီးတာ"

မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်တို့ဟာ ကပွဲယာကြီး အခန်းထဲ ဝင်လိုက်သည်။ အသုံးအဆောင်တွေအားလုံး ခမ်းနားကောင်းမွန် တာတွေ့ရသည်။ ချမ်းသာကြွယ်ဝတဲ့ အိမ်ထောင်မှာတောင် ဒီလောက်တင့်တယ်အောင် မထားနိုင်ကြပေ။

မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်တို့ဟာ ကပွဲယာကို ရှိသေ လာကြသည်။

စားပွဲထိုးတဲ့သူတွေအားလုံးဟာ ၁၆ နှစ်၊ ၁၇နှစ် အရွယ် လှပတင့်တယ်တဲ့ မိန်းကလေးများဖြစ်ကြသည်။

အရောင်တောက်ပလွန်းလို့ စားပွဲနဲ့ကုတင်တောင် အရောင် လက်နေသည်။

အရက်ထည့်တဲ့ခွက်ကလေးဟာ သေးငယ်၏။

ချစ်စရာကောင်းသည်။

ပုံသဏ္ဌာန်ကလည်း အလွန်ဆန်းသစ်သည်။

လာချတဲ့ ဟင်းလျာတွေအားလုံးဟာ မွှေးကြိုင်လတ်ဆတ်ပြီး သစ်သီးတွေဟာလည်း စုံလင်လှသည်။

သူတို့လေးရဲ့ အလှအပတွေ ကြွယ်ဝလှပနေသည်။

နောက်ပြီး

အမှာညီမနှစ်ယောက်ဝင်လာတာတွေ့ရသည်။

အလွန်ချစ်စရာကောင်းသည်။

သူတို့မျက်နှာလေးတွေ မှလဲလုံးတွေကို စိတ်ထားသလိုမျက်နှာသွေးဥကလေးများသည် တစ်သက်မေ့လောက်မရှိချေ။ ချောလွန်းလို့ မမေ့နိုင်။

မိန်းမလှတစ်ဦးကို အရက်ထည့်ခိုင်းသည်။

ကပ္ပိယကြီးသည် မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်တို့မှာ အလွန်သဘောကျနေသည်။ ကပ္ပိယကြီးဟာ အရက်ခွက်ကိုမြှောက်ပြီး ဧည့်သည်တွေကို မော့ချခိုင်းလိုက်သည်။

"ကဲ…မိတ်ဆွေတို့သောက်လိုက်ပါဦး"

သီချင်းသံဟာ သာယာကြည်လင်ပြီး အလွမ်းကို နားဝင်ချိ လှပေသည်။ သီချင်းတစ်ပုဒ်ပြီးတာနဲ့ ကပွဲယကြီးက အမှာညီမ နှစ်ယောက်ကို လှည့်ပြောသည်။

"မင်းတို့ မကာတာကြာပြီ အခု ကနိုင်သေးလား"

ကြမ်းပြင်ပေါ်တွင် ခေါက်ဇောခင်းပေးတဲ့သူက ခင်းပေးသည်။

မိန်းမချော့အမှာညီမနှစ်ယောက်ဟာ စီးချက်ကြ ကလျက် နေသည်။

အမွှေးရနံ့တွေ ကြိုင်လာသည်။

မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်တို့ ဝေဝေကြည့်ရင်း ချူမြူး နေကြသည်။ မိန်းမလှလေးတွေကလဲ တစ်ခွက်ပြီးတစ်ခွက် တိုက် နေသည်။

သောက်ရင်း အမူးကြီးမူးလာသည်။

ကပွဲယကြီးသည် ငွေသည်မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်ကို ဂရုမစိုက်တဲ့ အရက်ခွက်ကို ပြောင်အောင်သောက်ပြီး မတ်တပ်ရပ် လိုက်သည်။

“ကဲ…မိတ်ဆွေတို့ များများသောက်ပါ။ အားမနာနဲ့နော်၊ သူတို့လေးတွေက အစစအရာရာ ကျွေးကိုယ်စားဧည့်ခံပေးမယ်၊ ကျုပ်သွားနားလိုက်ဦးမယ်၊ ခုတင်ပြန်လာခဲ့မယ်”

လို့ပြောပြီး ကပ္ပိယ ပြောပြီး ထွက်သွားသည်။

အလွန်ကောင်းမွန်လှပတဲ့ ကုတင်တစ်လုံးရှိသည်။ အမှာ မိန်းမချောလေးနှစ်ယောက်ဟာ ပန်းသိုးစောင်ကို ဖြန့်ထားပြီး ကပ္ပိယ ကြီးကို ကုတင်ပေါ်ဖေးကူတင်ပေးကြသည်။

မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်တို့မှာလည်း မိန်းကလေးအလှ ရင်ခွင်ထည့်ပြီး ရိသဲ့သဲ့လုပ်သည်။

သူတို့မှာ မူးယစ်ဝေမျက်လုံးများက မိန်းမလှလေးများ ဝိုင်း ပြီးယုယပြုစုနေသည်ဟု ထင်မှတ်နေတော့သည်။

မိုးလင်းတော့ မောင်ညိုမှိုင်းသည် အရက်မူးလည်းပြေ၊ အိပ် မက်ကနေလည်း နိုးလာသည်။

ရင်ခွင်ထဲ ဖက်ထားသော အေးစက်စက်ကြီးမို့ သေသေ ချာချာကြည့်လိုက်တော့ ကျောက်တုံးတစ်တုံးဖက်ပြီး လေ့ကားထစ် အောက်အိပ်ရက်သားဖြစ်နေသည်။

ကြည်တင့်နိုင်ကို လှမ်းကြည့်တော့ မွားစာခွက်တွင် အိပ်လျက်တွေ့ရသည်။

အိပ်နေတာ မန်းသေး။

မောင်ညိုမှိုင်းက ကြည်တင့်နိုင်ကို ချက်ချင်းနှိုးလိုက်သည်။ နှစ်ယောက်သားမှာ မြူးတူးကြောင်တောင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ၎င်းသူလေးပါး မသိအောင် လစ်ထွက်လာသည်။

လေးဘက်လေးတန်လှည့်ကြည့်တော့ သချိုင်းဟောင်းအနီး ခြံဝင်းထဲ မြက်ရိုင်းတွေချည်းပဲ အိမ်စုတ်ကလေးတစ်လုံးရှိနေတော့သည်။

မောင်ညိုမှိုင်းနဲ့ ကြည်တင့်နိုင်တို့အဖြစ်ကို မသိအောင် ဖုံးဖိထားခဲ့သည်။

❖ ❖ ❖

# တစ္ဆေ

သစ်ရိပ်ဝါးရိပ်တို့ဖြင့် လွန်စွာမည်းမှောင်ကာ နှင်းတဖျောက်ဖျောက်ကျနေသည့် အကာလညအခါဖြစ်သည်။ တောအုပ်ကြီးတစ်ခုလုံးမှာ လွန်စွာတိတ်ဆိတ်ခြောက်ကပ်လျက် ပဦးသံ၊ ပုရစ်သံတို့သာ ဘာသာဘာဝ စီစီညံညံ ထွက်ပေါ်လျက်ရှိသည်။ တစ်ခါတစ်ရံ အဝေးဆီမှ လည်းကောင်း၊ အနီးနားမှသော်လည်းကောင်း အစားမာန်ယစ်လျက် ဟိန်းဟောက်လိုက်သည့် သားကောင်ကြီးများ၏ ဟိန်းသံ ထွက်ပေါ်လာတတ်ရာ ထိုအခါမျိုးတွင် သစ်ပင်ခွကြား၌ ရှိ ,ကြသည့် မုဆိုးမိုးကျူးနှင့် တပည့်ကျော်သာထောင်တို့မှာ ကြက်သီးမွေးညှင်းများထကာ လွန်စွာကြောက်လန့်လျက် ဟစ်

အော်ငိုယိုမတတ်ဖြစ်ကြရှာသည်။

"အ…အု…အု"အူး…ရူး…"

ထိုသို့ ကြောက်လန့်နေခဲ့မှာပင် အစာတွေ့သောကြောင့် ခေါင်းဆောင်ခွေးအ၏ အုသံ့နင့်အတူ အခြားခွေးများ ညာသံပေး အူကြဟစ်ကြသံများကြောင့် ပိုမိုလန့်ဖြန့်သွားရပြန်တော့သည်။

"ဆ…ဆရာ…ကျွန်…ကျွန်တော် အရမ်း… ကြောက်နေပြီဗျာ…အီး…ဟီး"

သာထောင်က ကြောက်လန့်မှုကို ထိန်းချုပ်မရတော့ဟန် ဖြင့် တုန်ရီရီပြောကာ ရှိုက်ငိုလိုက်တော့သည်။

"တယ်…ဒီကောင်…ငါ့လခွေး ဖြစ်လာမှတော့ ဘာ တတ်နိုင်မှာလဲကွာ၊ ယောကျ်ားပဲဟာ စိတ်ကိုတင်းမှပေါ့ အရေးကြီး တာက မိုးမြန်မြန်လင်းဖို့ပဲ"

မုဆိုးဖိုကြီးဖိုးကျူးက တပည့်ကျော်အား လေသံဖြင့် မာန် မဲလိုက်သဖြင့် သာထောင်မှာ ဇာက်ပုကာ ငြိမ်သွားရသည်။

"ဝီ…ဝီ…ဝီ…"

"ဝီ…ဝီ…ဝီ…"

တောခြင်မည်းကြီးများက သူတို့အသားမှ သွေးကို စုပ်ယူရန်အတွက် အနီးနား၌ လှည့်ပတ်ပျံဝဲနေရာ သာထော်မှာ လက်ဖြင့်ယမ်းရာမှ စိတ်မရှည်တော့ဘဲ လက်နှစ်ဖက်နှင့် လက်ခုပ်တီးသကဲ့သို့ ရိုက်ချနေတော့၏။

"ဖျန်း...ဖျန်း..."

"ဟေ့ကောင် သာထော်"

"မင်းနယ်၊ တယ်ခက်တဲ့ကောင်ပဲ၊ ခြင်ကိုက်လို့ မသေပါဘူးကွ၊ အောက်မှာ အစာရှာထွက်နေတဲ့ သားကောင်ကြီးကြီးသွားမှ ဟုတ်ပေ့ဖြစ်နေမယ်။ ငြိမ်ငြိမ်နေ အသံမထွက်နဲ့"

"ဟုတ်...ဟုတ်ကဲ့"

အတန်ကြာမျှ ငြိမ်သက်သွားစဉ် စိမ်းအေးရသည့်ကြားတွင်လေက တသုန်သုန်တိုက်ခတ်လာရာ ခိုက်ခိုက်တုန်မျှ ချမ်းအေးလှလျက် မေးများရိုက်နေကြတော့သည်။

အောက် ..က်တွင်ကား...

လက်နှိပ်ဓါတ်မီး ထိုးသည့်အလား လင်းထိန်သော မျက်လုံးအစုံနှင့်သွားနေသည့် သားကောင်ကြီးနှစ်ကောင် သုံးကောင်ကို လှမ်း

တွေ့ရသည်။ အဝေးဆီမှ တောကြက်ဖတစ်ကောင်၏ တွန်သံကြောင့် သက်ကြီးခေါင်းချအချိန်သို့ တိုင်ခဲ့ပြီဖြစ်ကြောင်း မှဆိုးဖိုးကျူး သိလိုက်သည်။

"အူဝဲ…အူဝဲ…"

"အူဝဲ…အူဝဲ…"

"ဟင်"

"ဟိုက်"

ထိုအခိုက် ဦးသံကြားတောင်ဆီမှပာ မှူဆရသည့် နေရာမှ ကလေးငယ်တစ်ယောက် ဦးသံကဲ့သို့ ထွက်ပေါ်လာရာ ဆရာတပည့် နှစ်ယောက်မှာ ထူးခြားအားသင့်ကာ ရှေ့ကိုရင်း ငြိမ်ငြိမ်သက်သက် နားထောင်နေကြသည်။

"ဂိ…ဂစ်"

ထိုအခိုက် ငှက်ဆိုးခေါ် လင်းကောင်ပိုးငှက်တစ်ကောင်က ၎င်းတို့အနီးမှ ပွတ်ကာပ်ပျံသွားရင်း အော်မြည်လိုက်သဖြင့် ထခုန်မိမတတ် ကြောက်လန့်ကြရတော့သည်။

"ဆ…ဆရာ…ဟို…ဟိုမှာ"

"ဘာလဲကွာ"

ဘာဆောင်က အဝေးတစ်နေရာသို့ လက်ညှိုးထိုးညွှန်ပြလိုက်သည်။ သို့အတွက် တွေ့မြင်ရသည်ကား ဝါတစ်ခါတစ်လည်း စိမ်းတလီ နီတစ်လှည့်ဖြင့် ပေါင်ကြီးတစ်တောင်မှ ထူးဆန်းသောမီးရောင်ကို သဲသဲကွဲကွဲမြင်လိုက်ကြရ၍ဖြစ်သည်။

"ဟာ...ဆရာ...အဲဒါ ကျွန်တော်တို့ ရွာတွေဖက်က မကြာမကြာမြင်ရတဲ့ နတ်မီးပေါက်ဆိုတာနဲ့တူပါတယ်ဗျာ"

"သရဲမီးလုံးပါကွာ"

"နတ်မီးပေါက်ပါဗျာ"

"သရဲမီးလုံးပါဆို"

အရေးထဲ၌ ဆရာတပည့်နှစ်ယောက် ငြင်းခုန်နေကြပြန်သည်။ ၎င်းတို့ငြင်းခုန်နေခဲမှာပင် ထိုရောင်စုံမီးသည်လည်း ထူးဆန်းစွာ ပျောက်ကွယ်သွားတော့သည်။

"ခုန်း...ခုန်း..."

"အ..."

"အမလေးဗျ"

မှောင်ထဲ၌ မီးမြင်ရရာ တောင်ဘက်သို့မှုဆိုက်ကြည့်နေကြစဉ် ငှင်းတို့ရှိနေသော ရှောမသစ်ပင်ကြီး၏ ပင်စည်အား တစ်စုံတစ်ရာအားကြီးသည့် သတ္တဝါတစ်ကောင် ဝင်ဆောင့်လိုက်ဟန်ဖြင့် ဝုန်းခနဲတုန်ခါသွားကာ သစ်ကိုင်း၊ သစ်ရွက်တချို့မှ အောက်ဖက်သို့ တဖျောက်ဖျောက် ကြွေကျသွားကြ၏။

သစ်ပင်အောက်ဖက်သို့ လှမ်းကြည့်လိုက်သောအခါ အပင်ခြေရင်း၌ မည်သည့်သတ္တဝါအရိပ်အယောင်ကိုမျှ မတွေ့ရချေ။

"ဆရာ . . . ကျွန်တော်တို့တော့ ဒေါခြောက်ခံရပြီထင်တယ်နော်၊ ဟုတ်တယ်မဟုတ်လားဟင်"

"သာထောင်ရာ၊ မင်းနယ်ကွာ၊ တို့ခြောက်ခံရတာ အခုမှမဟုတ်ဘူး။ တစ်နေ့လုံး အခြောက်ခံရတာ မင်းလည်းသိသားနဲ့"

"အန် . . ."

မုဆိုးဖိုးကျူးပြောသည်မှာ မှန်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရွာသူရွာသားများ တားသည့်ကြားမှ ဤတောအုပ်သို့ ဝင်လာရာတွင် တောစပ်အရောက် အရှေ့လိုက်နေသည့် ငှန်းပုတ်ဝါကြီးနှစ်ကောက်က ငှင်းတို့အား ဒေါသထွက်၍လိုက်ရာ အသည်း

အသန်ပြေးရင်း တောနက်ကြီးထဲ ရောက်ခဲ့ရသည်။

စမ်းချောင်းသေး၌ ခေတ္တနားကြစဉ် ရေခင်းသောက်သော ချေတစ်ကောင်ကို ရိုင်ဖယ်ဖြင့် ပစ်ရာ ထိချက်မှန်သဖြင့် ကမ်းစပ်၌ တုံးလုံးလဲကျခိုက် ဆရာတပည့်နှစ်ယောက် ဝမ်းသာအားရ ပြေးကောက်ရန်ပြင်ကြသည်။ သို့သော် အနီးရောက်ရေထဲမှ ရေမွှက်တစ်ခုနှင့်အတူ ရောမမိကျောင်းခေါင်းကြီးပေါ်လာကာ ချေသေကလေးကို ဆွဲဟပ်သွားခြင်းခံရသည်။ စိတ်ပျက်လျက်ဆက်လျှောက်ခဲ့ကြသည့် မဆိုးဆရာတပည့်နှစ်ယောက်မှာ ခပ်လှမ်းလှမ်းမှ ဥခေါင်းတွန်သံကြားရသောကြောင့် ထိုနေရာသို့ ရှေးရှုကြပြန်သည်။ ဥခေါင်းသည် တစ်ကောင်တည်း အမြီးဖြန့်လျက်ရှိရာ မဆိုးဦးကျူးက ရိုင်ဖယ်ဖြင့် စိတ်ကြိုက်ချိန်လိုက်သည်။ သို့မှ မောင်းဖြုတ်မည်အပြု တစ်ကောင်တည်းသောဥခေါင်းမှ နှစ်ကောင်နှစ်ကောင်မှ သုံးကောင် စသည်ဖြစ်သွားရာ မည်သည့်အကောင်ကို ပစ်ခတ်ရမှန်းမသိပါတော့ချေ။

တဖြေးဖြေး ထွက်ခွာသွားသော ထိုဥခေါင်းသုံးကောင်အားဆက်လိုက်ကြရင်း မကြာမီ ဥခေါင်းသုံးကောင် ရုတ်တရက်ဆန်းဆန်း

ယှက်သွားကာ ၄င်းတို့ဆရာတပည့်နှစ်ဦးမှာ ကြိမ်တောကြီးအတွင်း ရောက်ရှိနေလျက် ထွက်မရအောင် လမ်းမှားနေတော့သည်။ သို့အတွက် …ကြိမ်ပင်များအား တောရှင်းဓါးဖြင့် ခုတ်ထစ်ဖြတ်တောက်ကာ လမ်းထွင်ထွက်ခဲ့ကြရသည်။ တစ်နေရာ၌ ကျောက်တောင်ကြီးတစ်တောင်ကို တွေ့သဖြင့် ဆရာတပည့်တက်ရောက်လိုက်စဉ် ယခင်မိမိတို့ရှိခဲ့ရာကြိမ်တောဖက်ဆီမှ ဆင်အော်သံများ ထွက်ပေါ်လာသံနှင့်အတူ ဆင်အုပ်၏တောတိုးသံများ တဝုန်းဝုန်းထွက်ပေါ်လာသည်ကို ကြားလိုက်ကြရ၏။

ထိုဆင်အုပ်၏အသံကြောင့်ပင် ထင်ရ၏။ သားကောင်တစ်ကောင်ကို ချောင်းမြောင်းနေဟန်တူသည့် အဝါနှင့်အနက်စင်းကြားကိုးတောင်ခန့်ကျားကြီးတစ်ကောင်က ခြုံဖုတ်တစ်ခုနောက်ကွယ်မှ ခြေလှမ်းမှန်မှန်နှင့် ထွက်လာနေ၏။

မှဆိုးဖိုးကျူးက ရတောင့်ရခဲအခြေအနေကို လက်လွှတ်မခံဘဲ ကျောက်တုံးကြီးနောက်ကွယ်သို့ နှစ်ယောက်သား အဝင်းတိုးဝင်ကာ ရိုင်ဖယ်သေနတ်နှင့် အပိုင်အနိုင်ချိန်လျက် မောင်းကိုညှစ်ချလိုက်တော့သည်။ ကော်ဒိုက်ယမ်းအား ပေါက်ကွဲသံက တော

တောင်တစ်ခွင် ဟိန်းထွက်သွားပြီးလျှင် ကျားကြီးမှာ တုန့်ခနဲ အခြေအနေမှ လေထဲတစ်ချက်မြောက်ကာ မြေပြင်အကျ ခြေပစ်လက်ပစ်နှင့် ပြိုင်နေတော့၏။ သေနတ်သံကြောင့် ကြိမ်တောဖက်မှ ဆင်အုပ်၏ ရှူးရှူးဝါးဝါး ဝုန်းဝုန်း။ ဒိုင်းဒိုင်းအော်ဟစ်သံ၊ ခြေသံများကြောင့် မုဆိုးဖိုးကျူးတို့ ဆရာတပည့်နှစ်ယောက်ကျောက်တောင်အမြင့်ပေါ်မှ ဆင်းမလာရဲကြသေးပေ။

ပြီးမှ ကြောင်လိန်လှေကားသဖွယ်ဖြစ်နေသည့် ကျောက်တောင်လမ်းကွေ့လေးအတိုင်း ဆင်းလာကာ ကျားကြီးလဲသွားရာနေရာသို့ ရောက်ခဲ့ကြသည်။ သို့ရာတွင် ထူးဆန်းသည်မှာ ထိုနေရာရှိ မြက်ခင်းပြင်တွင် ကြီးမားသော သွေးကွက်ကြီးသာ ရှိနေလျက် ကျားကြီးကား ထူးထူးဆန်းဆန်း ပျောက်ကွယ်နေပေတော့သည်။ အကယ်၍ ကျားကြီးမှာ မသေဘဲ ထိုနေရာမှ ထွက်ခွာသွားမည်ဆိုပါလျှင် ကျားခြေရာ၊ သို့မဟုတ် သွေးစွန်းကြောင်းကြီးကို တွေ့ရမည်အမှန်ပင်။

ဝါရင့်မုဆိုးကြီးတစ်ဦးဖြစ်သည့် ဖိုးကျူးမှာ မည်သို့မှလည်း ရမှန်းမသိအောင် ဖြစ်နေရတော့သည်။ ထိုအခါ ရွာသားမိတ်ဆွေ

များ ပြောဖူးသည့် စကားများကို နားထဲ၌ ပြန်လည်ကြားယောင်မိ ရသည်။

"ဒီတောကို အမဲပစ်သွားဖို့ ဘယ်တော့မှ မစဉ်းစားသင့်ဘူးကွ၊ အရင်ကတော့ ဒီတောဟာ ဒီလိုမဟုတ်ပါဘူး။ ဘာကြောင့်လဲ၊ လွန်ခဲ့တဲ့သုံးနှစ်ခန့် မုဆိုးကြီးဦးကျောက်ဖားကျားခွဲခံရလို့ သေဆုံးပြီးနောက်ပိုင်းမှာ တောကကြမ်းလာတယ်၊ ခြောက်လှန့်မှုနဲ့ မယုံနိုင်စရာတွေကို ရွာသားအတော်များများအခုထိ ကြုံနေကြရတာပဲလေ"

နောက်တစ်ယောက်က ပြောပြန်သည်။ "ဟိုတစ္ဆေသရဲ မယုံဘူးဆိုတဲ့ မြို့က မုဆိုးနှစ်ယောက်ဟာ ပြီးခဲ့တဲ့လက တောထဲထွက်သွားတာ ဘယ်မှာပြန်လာလို့လဲ"

"ငုံသံကြားတောင်ဖက်မှာ ကြက်တူရွေးတွေကျတယ်ဆိုလို့ ပိုက်ထောင်ဖို့ သွားတဲ့တို့ရွာသားငကံမုဆိုး ကျင်ငွေဟာ ဘယ်မှာပြန်လာလို့လဲ၊ ရွာသားတွေ တောထဲလိုက်ကြတော့ ငုံသံကြားတောင်အနီးမှာ အရိုးစုအချို့နဲ့အတူ ကျင်ငွေလည်ပင်းမှာ ဆွဲလေ့ရှိတဲ့ စတီးကြိုးကလေးသာ တွေ့တော့တယ်လေ"

"အေးကွ၊ မင်းတို့ပြောတုန်းမှ ထန်းအိုင်ရွာက မုဆိုးကြီး ပုတိုး၊ တောင်ဖက်ရွာက မုဆိုးကိုသံဗာတို့ နှစ်ဦးပါဝင်တည့်ရင် အဲဒီတောကြီးထဲမှာ ငါးယောက်တိတိရှိပြီဆိုရမယ်၊ ဒါကြောင့် ကျုပ်တို့တော့ ရွှေပေး မယ်ဆိုတာတောင် အဲဒီတောကြီးထဲကို ဘယ်နည်းမှ မသွားရဲတာ အမှန်ပဲ"

ထိုစကားများကို ပြန်လည်ကြားယောင်မိသောအခါ ယခု လောလောလတ်လတ်ကျားသေကြီးပျောက်သွားခြင်းမှာ သာမန် မဟုတ်ကြောင်း မုဆိုးဖိုးကျူးတစ်ယောက် အလိုလိုသဘောပေါက်စ ပြုလာရတော့သည်။

ထို့ကြောင့် ကျားသေကိစ္စကို မေ့ထားလိုက်ကာ တပည့် ကျော်သာထောင်ကို လက်တို့ခေါ်လျက် ထိုတောအုပ်မှ နေမဝင်မီ ထွက်ခွာနိုင်ရန် ခြေလှမ်းကြဲကြီးများနှင့် လှမ်းလာခဲ့ကြ၏။ သို့သော် တောအုပ်မှ ထွက်မရအောင် မျက်စိလည်နေကာ နေအတော် စောင်းလာချိန်တွင် လွန်စွာထွားကြိုင်းလှသည်နှင့်အမျှ မုတ်ဆိတ် ရှည်ရှည် ဦးချိုချွန်ချွန်နှင့် တောင်ဆိတ်ကြီးတစ်ကောင်ကို မိုတော ကြီးအနီး၌ တွေ့သောကြောင့် ပစ်ခတ်လိုက်ပြန်သည်။ တောင်ဆိတ်

ကြီးမှာ ချက်ကောင်းထိမှန်သွားသော်လည်း မိုးတောအတွင်း ခြေလှမ်း အနည်းငယ်ခုန်စွခုန်စွနှင့် တိုးဝင်သွားပြီးနောက် လဲကျသွားတော့သည်။ ထိုအချိန်၌ နေလုံးကြီးမှာ အနောက်ဖက်သို့ ဝင်နေပြီဖြစ်ရာ ဖြစ်လျက် မုဆိုးဖိုကျူးတို့ မိုးတော အစပ်အရောက်၌ ဆိတ်သိုးကြီးအစား ဆိတ်အရိုးစုကြီးသာ ထီးထီးမားမားရှိနေသည့်အဖြစ်ကို ရင်သပ်ရှုမောတွေ့ရတော့၏။

ယင်းအနိုက်. . .မိုးတောအတွင်းမှ ငြီးငြူသံကဲ့သို့လည်းကောင်း၊ ရေရွတ်သံကဲ့သို့လည်းကောင်း၊ တောက်ခေါက်သံကဲ့သို့လည်းကောင်း၊ အသံဆိုးကြီးများမသဲမကွဲ ထွက်ပေါ်လာရုံမျှမက နေဝင်ရီပျောရောအချိန်၌ လေထိုးသောကြောင့် ကြီးမားသည့် ဝိုကြီးများ လှုပ်ရှားမှု အရိပ်သဏ္ဌာန်မှာ နာနာဘာဝများ လိုက်တော့မည့် အသွင် သဏ္ဌာန်များနှင့်ခြားတူညီနေသဖြင့် မုဆိုးဖိုကျူးကိုယ်တိုင် ဤနေရာ၌ လုံးဝမနေရဲတော့ဘဲ တပည့်သာတောင်လက်ကိုဆွဲကာ ထိုနေရာမှ တစ်ချိုးတည်းသုတ်ခြေတင်ခဲ့ပေတော့၏။

ဤသို့ ခြေဦးတည့်ရာ ပြေးကြရာ၌ပင် နောက်ဖက်ဆီမှ ခြေသံများကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ရာ ဖြတ်တက်သွားသည့်

လေတိုးသံကဲ့သို့လည်းကောင်း ကြားသိခံစားရ၏။ သို့ပါသော် မည်သည့်အရိပ်အယောင်ကိုမျှ တွေ့မြင်ရခြင်းမရှိရာ ခရီးပေါက် အောင်သာ ရောက်ရာပေါက်ရာ ဆရာတပည့်နှစ်ယောက် တောတိုး ပြေးနေကြတော့သည်။

သို့ဖြင့် မြင့်မား၍ ပင်စည်ကြီးမားလှသော ကွျန်းသစ်ပင်ကြီး တစ်ပင်သို့ အရောက်အလင်းရောင် လုံးဝပျောက်ကွယ်သွားပြီဖြစ်ရာ ထိုအပင်ကြီး၏ ခွဆုံသို့တက်၍ တစ်ညတာခိုနားရန် ဆုံးဖြတ် လိုက်တော့သည်။

"ဟင်း"

ပြင်းထန်သော သက်ပြင်းရှိုက်သံကြောင့် မုဆိုးဖိုကျူးက အနီးမှ သူ့တပည့်သာထောင်ကို လှမ်းကြည့်လိုက်သည်။

"ဩော်" ဘာမှမဖြစ်ပါဘူးဆရာ၊ တစ်နေ့တာလုံးရဲ့ အဖြစ်ပျက်တွေကို ပြန်စဉ်းစားမိလို့ပါ။ ဆရာပြောတာမှန်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် အခုမှ တောခြောက်ခံရ တာမဟုတ်ဘူး။ တစ်နေ့လုံး တောခြောက်ခံနေရတာ အမှန်ပဲ"

မုဆိုးဖိုကျူးမှာ စိတ်အားငယ်စွာ ပြောလိုက်ရသည့် တပည့်

ကျော်သာထောင်အား သနားသွားရသည်။ ထို့ကြောင့် ငှင်းက

"ကဲ ကဲ ဘာမှမတွေနဲ့ကွာ၊ မကြာခင် မိုးလင်းသွားမှာပဲ၊ ကြောက်စိတ်တွေ ပျောက်သွားအောင် ပင်စည်ကို ကျောမှီပြီး တစ်ရေးလောက်အိပ်လိုက်၊ ငါစောင့်နေပါ့မယ်"ဟု ဆို၏။

"ဟုတ်···ဟုတ်ကဲ့"

သာထောင်တစ်ယောက် ငြိမ်သက်လျက် အိပ်ပျော်သွားသည်။ ထာဝစဉ် လေပြင်းများ တိုက်ခတ်ကာ တောတောင်တစ်ခွင် မြည်ဟိန်းပဲ့တင်သံများ ကြောက်ခမန်းလိလိ ထွက်ပေါ်လာ၏။

မုဆိုးဖိုးကျူးမှာ တော်ရုံတန်ရုံ ကြောက်တတ်သူမဟုတ်သော်လည်း ယနေ့ကြုံတွေ့နေရသည့် အခြေအနေဆိုးများကြောင့် လေပြင်းတိုက်ခတ်မှုကိုသုံးသပ်ကာ ကြက်သီးမွေးညှင်းများထသည်အထိ စိမ့်ကြောက်ခြင်းဖြစ်လာရသည်။

"အင်း··လေတိုက်ရုံသာတိုက်ပြီး မိုးမရွာတာ တော်သေးတယ်ဆိုရမယ်" ငှင်းရေရွတ်မှုအဆုံးတွင် အပေါ်ဖက် ဝေါထွက်နေသည့် သစ်ကိုင်းကြီးပေါ်၌ ဝင်းလက်တောက်ပြောင်သော မျက်လုံးအစုံနှင့် သတ္တဝါမည်းကြီးတစ်ကောင်ကို ရုတ်တရက် လှမ်းခနဲတွေ့

လိုက်ရတော့၏။

"ကိုင်းကွာ…ဒါလောက် ဖြစ်လှတာ"

"ခိုင်း"

ပြောပြောဆိုဆို သူက ထိုသတ္တဝါကြီးအား အနီးကပ်အနေ အထားနှင့် လက်တန်းထိုးပစ်ချလိုက်ရသည်။ အောက်ဝိုက်ယမ်းအား ပေါက်ကွဲသံက လေပြင်းတိုက်ခတ်သံနှင့်အတူ ရောနှောဟိန်းထွက် လွင့်ပျံသွားသည်။ သေနတ်ထိမှန်သွားသော သတ္တဝါမည်းကြီးမှာ အောက်ဖက်သို့ အရှိန်နှင့်ပြုတ်ကျသွားကာ ဘုတ်ဆိုသည့်အသံကြီး ပါ ထွက်ပေါ်လာရ၏။

"ဆရာ…ဆရာ…ဘာကြောင်ကြီးလဲဟင်"

သေနတ်သံကြောင့် ရုတ်တရက်လန့်နိုးလာသည့် သာဝေဝင်က ကြောက်ကြောက်လန့်လန့်မေးရာ အောက်ဖက်တွင် ငြိမ်သက်နေသည့် သားကောင်ကြီးကို ကြည့်ပြီးနောက် မုဆိုးကြီး ဖိုးကျူးက

"ဟိုခင်း…ရှားရှားပါးပါးကျားသစ်နက်ကြီးတစ်ကောင် ကွ ဘယ်လိုက ဘယ်လို တို့ရဲ့အထက်သစ်ကိုင်းပေါ် ရောက်နေတာလဲ

မသိဘူး။ နှစ်ယောက်သား ကျားသစ်နက်စာဖြစ်နေလောက်ပြီ”ဟု ပြောလိုက်သည်။

“အမာလေး…လေး တကယ့်ကြောက်စရာပါလားဗျာ၊ နို့…ဒီကောင်ကြီးကို ဘယ်နယ့်လုပ်မလဲဟင်”

“မိုးလင်းတဲ့အခါ လမ်းတွေ့ရင် ရွာအရောက်ပြန်ပြီးမှ ရွာသား တွေကို အယူနိုင်းလိုက်မယ်လေ”

“ကောင်းတယ်ဆရာ”

ထိုခဏ၌ လေပြင်းများမှာ ရုတ်တရက် ဝဲခနဲဆိုသကဲ့သို့ ငြိမ်ကျသွားရာ သစ်ရွက်ကလေးတစ်ရွက်သော်မျှ လှုပ်ခတ်ခြင်းမရှိတော့ပေ။ ငြိမ်ဝပ်လုပ်ပါတော့၏။

မှဆိုးဖိုးကျူးနှင့် တပည့်ကျော်သာထောင်မှာ သစ်ပင်ကြီး အောက်ဖက် အမှောင်ထုအတွင်း၌ သွားလာနေသော သတ္တဝါများ အား ဟိုမှသည်မှ ကြည့်ရင်းမျက်လုံးညောင်းလာကာ နှစ်ဦးစလုံး မှေးခနဲအိပ်ပျော်သွားကြတော့သည်။ မည်မျှကြာအောင် အိပ်ပျော် မိသည်မသိပေ။ တော့ကြက်သံနှင့် နံနက်ခင်းနေခြည်ကြောင့် အိပ် ယာမှ နှစ်ဦးသားရှေ့ခင့်နောက်ဆင့် နိုးလာခဲ့ကြသည်။

"ဟာ…မိုးလင်းပြီဆရာ၊ ဒီအဆိုင်းဆိုရင် ကျွန်တော်တို့ ရွာကို ပြန်နိုင်တော့မယ်ဗျာ"

သာထောင်က ဝမ်းမြောက်ဝမ်းသာ ပြောလိုက်သည်။ မှန်သော်လည်း မှဆိုးဖိုးကျူးမှာ ၎င်းပြောသည်ကို မကြားဟန်ဖြင့် မြေပြင်သို့သာ စိုက်ကြည့်နေသည်။ ပြီးမှ ၎င်းက…ညကပစ်လိုက်တဲ့ကျားသစ်နက်ကြီး ဘယ်ရောက်သွားပြီလဲ ဟိုနေရာမှာ ကြည့်စမ်း အိုင်ထွန်းနေတဲ့ သွေးကွက်ကြီး"ဟု လက်ညှိုးထိုးပြ၏။

"ဟုတ်တယ်ဆရာ…"

"ကဲ…ဆင်းကြရအောင်ဟေ့"

ဤသို့ဖြင့် အောက်ဖက်ရောက်သည်တွင် ပိုမိုထူးဆန်းသော အချင်းအရာကို တွေ့ကြရပေတော့၏။ ယင်းသည်ကား…သွေးအိုင်ထဲ၌ ဒါဏ်ရာဖြင့် သေဆုံးနေသော ပုတ်သင်ညိုအသေကောင် တစ်ကောင်ကိုသာ တွေ့ရခြင်းပင်တည်း။

"လာ…လာ…ဟေ့ကောင်၊ တို့တွေ ဒီတောက အမြန် ဆုံးထွက်နှုတ်လိုက်မှဖြစ်မယ်"

"ဟုတ်ကဲ့"

သို့နှင့် တောသတ္တဝါ၏ နန်းကင်းခင်းအလှအပကို လုံးဝခံစားနိုင်ခြင်းမရှိဘဲ ဖိုးကျွန်နှင့် သာထောင်တို့ဆရာတပည့် သုတ်ခြေတင်ကြရာ တစ်နေရာ၌ သစ်ရွက်များဖုံးထားသည့် မုဆိုးထောင်ချောက်တွင်းနက်ကြီးအတွင်းသို့ ထိုးကျသွားကြတော့၏။

“အီး

အား”

အမြင့်ဆယ် ငါးပေခန့်ရှိနက်သည့်တွင်းကြီးဖြစ်သော်လည်း အောက်ဖက်၌ သစ်ရွက်ခြောက်၊ သစ်ရွက်ဆွေးများပြည့်နှက်နေသည့်အတွက် အသင့်အတင့် နာရုံမှတပါး အခြားဒဏ်ရာရခြင်း မရှိကြပါချေ။

“ခက်ပြီဆရာထောင် ဒီ..သားကောင်ကြီးတွေကို ထောင်တဲ့ မုဆိုးတစ်ယောက်ရဲ့ ထောင်ချောက်တွင်းပေါက်ကြီးကွ၊ တော်ပါသေးရဲ့ အောက်ဖက်မှာ ငြောင့်တွေမရှိလို့ နို့မို့သာဆိုရင် တို့ကိုယ်ခန္ဓာတွေဟာ အရှင်လတ်လတ် တံစို့ထိုးပြီးသား ဖြစ်နေပြီပေါ့ကွာ ဟင်း”

“မှန်ပါတယ် ဆရာ...အီး...အား

ခေါင်းညိတ်ရင်း ထောက်ခံစကားပြောလိုက်သည့်အခါတွင်မှာ ဖင်အောက် သစ်ခွေးများကြားမှ နီရဲရဲလူမြင်နေသည့်အတွက် သစ်ရွက်ခြွေးများကို ဖယ်လိုက်ရာ လူဦးခေါင်းခွံများဖြစ်နေခြင်းကြောင့် ထုခုန်ကာ အော်ဟစ်လိုက်လေ၏။ မုဆိုးကြီးဖိုးကျွဲက ရိုင်ဖယ်ပြောင်းဖြင့် သစ်ရွက်ခြွေးများကို ဖယ်ရှားမြင်ရာ ဦးခေါင်းမှာ ရုရိုးပေါင်း ငါးခုတိတိရှိနေခြင်းအား တွေ့ရှိတော့၏။ မုဆိုး

“ခုနစ်လိုက်တာကွာ”

“ဘာခုနစ်တာလဲ ဆရာ”

“ဟေ့… အခုနစ်အတွင်း ဒီတောအုပ်ထဲမှာ ပျောက်ဆုံးသွားခဲ့တဲ့ မုဆိုးငါးဦးတိတိရှိနေပြီလေ”

“ဟင်… ဒါဆိုရင် ဒီဦးခေါင်းခွံတွေဟာ မုဆိုးငါးယောက်ရဲ့ ဦးခေါင်းခွံတွေပေါ့ ဟုတ်လား”

မုဆိုးဖိုးကျွဲက တွေးတွေးဆဆဖြင့်

“ငါဖြင့် နားမလည်နိုင်တော့ဘူး” ဟု တိုးတိုးဖြေ၏။

သာထောင်က

“ဒီတိုင်းဆိုရင် ကျွန်တော်တို့နှစ်ယောက်လည်း ဒီတွင်းကြီး

ထဲမှာ သေရမှာပေါ့နော်၊ ဒါဆိုရင် ဦးခေါင်းခွံ ခုနစ်လုံးဖြစ်သွားမှာပဲ"

ဟု မျက်နှာရှုံ့မဲ့လျက် ပြောလိုက်၏။

မုဆိုးဖိုးကျူးမှာ စိတ်ရှုပ်လာသည့်အလျောက်

"တော်စမ်းကွာ၊ အရေးကြီးတာက အပေါ်ရောက်အောင်

ဘယ်လိုတက်ရမလဲဆိုတာ စဉ်းစားဖို့ပဲ"ဟု ခပ်ငေါက်ငေါက်ပြော

လိုက်မှ သာထောင်မှာ အရိုးခေါင်းများအားကြည့်ကာ ငြိမ်သက်

သွားတော့သည်။ ပြီးမှ နှစ်ဦးသားမှာ သွေးရူးသွေးတန်းနှင့် တွင်းနှုတ်

ခမ်းကို ကုတ်ကပ်ဖက်တွယ်တက်ကြ၏။ သို့သော် လက်များ

ပေါက်ပြဲသွေးစို့ရုံသာ အဖက်တင်ကာ မကြာမကြာအောက်ဖက်သို့

ပြုတ်ကျသည်ချည်းသာ။

ဤသို့ဖြင့် အကြိမ်ကြိမ်ကြိုးစားကြည့်ပြီးနောက် မောလည်း

မော၊ စိတ်လည်းပျက်ကာ တွင်းနံရံကိုမှီရင်း အရိုးခေါင်းကြီးများကို

သာ စိုက်ကြည့်နေမိကြ၏။ ပြီးမှ သာထောင်က ငိုမဲ့မဲ့နှင့်

"ဒီတစ်ခါတော့ ကျွန်တော်တို့အသက်တွေ ဆုံးပါပြီဗျာ"

ဟု ရေရွတ်လိုက်၏။

မုဆိုးဖိုကျူးက မည်သို့မျှ ပြန်မဖြေ။ သို့သော် ၎င်းတို့ကိုယ်

တိုင် စိတ်အားလျှော့လိုက်ပြီဖြစ်သောကြောင့် သေခံ့မည်မှာ သေချာကြောင်း ခေါင်းငြိမ့်ပြလိုက်၏။ ပြီးမှ နှစ်ယောက်စလုံးအတွေးကိုယ်စီနှင့် ငြိမ်နေမိကြသည်။ နှစ်ယောက်သားငြိုငြင်တွေးမိကြသည်ကား နေ့ခင်းကြောင်တောင်ပင်ဖြစ်လင့်ကစား တောကြမ်းကာ ချောက်လှန့်သည့်အနေအထားများကြောင့် ဤတောဤတောင်အတွင်းသို့ လွန်ခဲ့သော နှစ်မှစ၍ ညှာနီးချပ်စပ်မှ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်လာရဲခြင်းမရှိသည့်အဖြစ်ပင်ဝ်ာသည်။

"ဗျန်း…"

ထိုအခိုက် တုတ်နိုင်ရှည်လျားသည့် နွယ်ကြိုးကြီးတစ်ချောင်း ရုတ်တရက်ကျလာကာ အပေါ်ပိုင်းတွင်းဝ၌ လူတစ်ယောက်သထ [2]ဒန်ကို တွေ့ရသောကြောင့် လွန်မင်းစွာ အံ့ဩဝမ်းသာသွားကြရသည်။

"အဲဒီနွယ်ကြိုးကို ဆွဲလို့တစ်ယောက်ပြီးတစ်ယောက်တက်ခဲ့ကြဗျို့"

ထိုကြောင့် တစ်ဦးကိုတစ်ဦး နွယ်ကြိုးကို ခိုတက်ကြကာ အပေါ်ရောက်သည်နှင့် ဖုင်းဝဲ့အား ကယ်တင်သူလူကိုတစ်ယောက်

ကို ရှိင်ဖယ်သေနတ်တစ်လက်နှင့်အတူ တွေ့ကြရတော့၏။ ခင်ဗျားတို့ ဒီတွင်းထဲမှာ ရှိနေတယ်ဆိုတာ ကျွန်တော် သိနေခဲ့တယ်။ ဒါကြောင့် လာကယ်နိုင်တာပေါ့ဗျာ။ ကျွန်တော့်နာမည်က နန်းဇေအောင်ပါ။ မဆိုးဘိုလည်း မမှားသလို၊ ဟိုတစ်ချိန်မှတွေ့ရသောသစ်တောကြီးပိုင်းက သစ်တောအုပ်ဆိုလဲ မမှားပါဘူး ခင်ဗျားများဒီမှာရှိတဲ့အကြောင်း သိရတာက ဖိုးဝိုပဲဟုဆိုကာ ကိုနန်းဇေအောင် က အောက်ပါအတိုင်း ပြောပြလေတော့၏။

ကိုနန်းဇေအောင်၏ ဂျစ်ကားလေးထိုးဆိုက်ရပ်သောအခါ ဖိုးဝိုနှင့်သိန်းမောင်းကျော်နှင့်ပြေးဆင်းခဲ့ပြီး သစ်တောအုပ်မှူးတို့မိန်းမများက ဝိုင်းရုန်းကျွဲသဘောကြီးခိုမြန်းတော်ဆက်ကြသည်။ အဘောများ အခြေအနေအရရှာသော် သစ်တောကြိုးပိုင်း ဆီကို ကျွန်တော်ပြောင်းသွားပေမယ့် ခင်ဗျားတို့အဘွဲ့ထုံးကိုမမေ့ ပါဘူး။ ကျွန်တော်အမြဲသတိရနေပါတယ်။ မိန်းမကလေးက "ကျွန်တော် တို့နဲ့အတူ အရင်က အမဲလိုက်ဖက် မိတ်ဆွေကြီးမုဆိုးကျော် ဦးတကျော်ကပ်ဖိုးတိုက်စိုးပြောတော့ ကျွန်တော် သတင်းရသွားပြီး အမဲ လိုက်ဖို့ခွင့်တောင်းပြီးမှ ထွက်ခဲ့တယ်"

ကိုနှန်းအောင် စကားကြောင့် သိပေါင်းကျွမ်းပေါင်းများ အတော်များကပ်နှာပျက်ကုန်ကြသည်။ ပြီးမှ တစ်ယောက်က…

"မပြောမဖြစ်လို့ ပြောရဦးမယ် ဆရာကိုနှန်းအောင် ခင်ဗျားနဲ့ အခင်မတန်ရင်းနှီးတဲ့ မှုဆိုးကြီးဦးကျောက်ဟားဟာ မနှစ်က တောထဲမှာ ကျားခွဲလို့ သေပြီဗျ"ဟု ပြောလိုက်သည်။

"အို…ဟုတ်လား၊ မဟုတ်နိုင်တာဗျာ ဒီလူက မုဆိုးဝါရင့်ပြီး တောကျွမ်းတာနဲ့အမျှ ပစ်ခတ်တဲ့နေရာမှာ သွက်လက်ဖြတ်လတ်တာပဲ"

တစ်ယောက်က

"ဒီလိုပါပဲ ကိုနှန်းအောင် မြွေကျွမ်းတဲ့မြွေဆရာ မြွေကိုက်ပြီးသေရတာမျိုးပေါ့၊ အခု ဦးကျောက်ဟားဟာလည်း ဒီလိုအဖြစ်မျိုးပါဗျာ" ဟု ပြောလိုက်၏။ ကိုနှန်းအောင်မှာ စကားမပြောနိုင်တော့ဘဲ ထိုညနေက မိတ်ဆွေကြီးဦးကျောက်ဟား ယခင်အခါများက တောလည်တောလိုက်ခဲ့ပုံများကို ပြန်တွေးမိကာ စိတ်မကောင်း ရှိန်ရှာဖြစ်နေသည်ကြောင့်၊ အရက်မှုအောင် သောက်ကာ မိမိအတွက် သီးသန့်ပေးထားသည့်အခန်းသို့ တစ်ယောစီးစီးပင် ဝင်ပြီးလိုက်သည်။ ဤသို့ဝင်ပြီးပျော်သွားနိုက်… ရှေးခေါင်းသော ဒွိပ်မက်တစ်ခုကို အမှန်

တကယ်ကြံ့ရာဘိအလေား မက်လေ၏။

အိပ်မက်ထဲမှာ ပုဂ္ဂိုလ်ကား…

မှဆိုးကြီးဦးကျောက်ဖားဖြစ်လျက် ၄င်းက ဝမ်းသာအားရ

ဖြင့် နန်းအောင်ကို နှိုးသည်။

"ဟေ့…မောင်နန်းအောင်၊ ငါက မင်းကို အမြဲမျှော်နေ

မိတာ၊ မင်းက ခုမှလာရတယ်လို့ကွာ၊ အခုဆိုရင် ငါဟာမင်းအရင်က

သိခဲ့တဲ့မှဆိုးကြီး ဦးကျောက်ဖား မဟုတ်တော့ဘူး။ အခုမဏ္ဍလာ

တောအုပ် ငိုသံကြားတောင် တစ်ဝိုက်ကနက်ကျော်ကြီးဆိုတာ ဖြစ်

သွားပြီကွာ၊ မင်းနားရှုပ်သွားသလား…ဒီလို…ဒီလို"

ဤသို့ဖြင့် မှဆိုးဦးကျောက်ဖားတစ်ဖြစ်လဲ နက်ကျော်ကြီး

က အောက်ပါအတိုင်း ပြောပြလေတော့၏။ တစ်နေ့တောလည်

ထွက်ရင်း ငါဟာ သင်းခွေချပ်ကြီးတစ်ကောင်ရတာနဲ့ ဆာဆာနဲ့

မီးဖိုပြီး မီးကင်စားနေလိုက်တယ်။ စားအပြီးမှာ မေ့ခနဲဖြစ်သွားခိုက်

မီးပုံအနီးမှာ ဓာစိမ်းရောင်ဝတ်ရုံနဲ့ လှပချောမောတဲ့ အမျိုးသမီး

တစ်ယောက်ကို ဖြူးစားကြီးတွေ့လိုက်ရတယ်လေ။

သူမက ပြောတယ်။

"ကျွန်မဟာ ဒီတောဒီတောင်ဒေဝန်းကျင်ကို စောင့်ရှောက်တဲ့ မြေသေလာဝတီဖြစ်ပါတယ်၊ ဒီတောထဲမှာ လူတွေဟာ သစ်ပင်ခုတ်၊ ငါးတွေရှာ၊ သတ္တဝါတော်ကိုသတ်နဲ့ ထင်သလို ပြုမူနေကြပါတယ်။ အထူးသဖြင့် မုဆိုးတွေပဲ မုဆိုးတွေဟာ သတ္တဝါကိုသတ်ရာမှာ ကျွန်မစေစားတာဝန်ပေးထားတဲ့ သတ္တဝါတွေကိုပါ သတ်ဖြတ်ကြတာ အခါပေါင်းမနည်းတော့ပါဘူး။ဒါကြောင့် ဒီတောအုပ်ကို လာကြတဲ့ လူတွေမုဆိုးတွေ မလာရဲအောင် ရှင့်ကိုတာဝန်ပေးရမယ်ကိုကျောက်ဖား။ လူတွေ မလာအောင် ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုရင် ကျွန်မတို့စောင့်ရှောက်ရတဲ့အဖိုးတန် ပစ္စည်းတွေ ဒီတောထဲမှာ ရှိနေလို့ပါပဲ၊ မတော်တဆ ဒီလူတွေ တွေ့သွားရင် မခက်ပါလားရှင်၊ ဒါကြောင့် အဲဒီလူတွေ၊ မုဆိုးတွေမလာရအောင် ရှင်ဒီကနေ့ကစပြီး တာဝန်ယူပေတော့၊ ကျွန်မတာဝန်ပေးခဲ့တယ်"ဆိုပြီး လှည့်ထွက်မယ်လုပ်တော့ ငါက တစ်စုံတစ်ရာမေးမလို့ လုပ်နေခိုက် ငါ့အနောက်ဖက် သစ်ပင်အကွယ်က ကျားကြီးတစ်ကောင် ရုတ်တရက် ခုတ်ထွက်လာပြီး ကိုက်သတ်ရာက ငါဟာ နက်ကျော်ကြီးဆိုတာကဖြစ်လာရတာပေါ့ကွာ၊ ကဲ...ကဲလာကွာ၊ ရောက်တုန်းရောက်ခိုက်

အိပ်မနေစမ်းပါနဲ့ တောထဲကို ငါနဲ့လိုက်ခဲ့စမ်းပါ” သန့်လွှာ

ခိုင်ခိုင် ကျော့သိမ်ဖြင့် နှင်းတောင်မှာ ရိုင်ဖယ်သေနတ်ကို ဆွဲယူကာ သဝဲရေတွက်ချက်၊ မရေတွက်ချက်ဖြင့် ရေမှု မှုန်ကြီးဦးကျောက်ဖားဏ် အံ့ရိပ်သံထူ ဝံန လယ်မြေပြခေါ်ဆောင် ရာတောအရပ်ဆီသို့ လိုက်ပါခဲ့ရတော့သည်။ ထိုသို့ ကြားတော်ခင်သို့ရောက်သောအခါ ညှို့အခတ်နက်နေသော ပြင်ပြီး နှင်းများတဲ့မျောက်မြောက်ကျကာ အရေအသားဝါဝင်တဲ့ စိမ့်မွှန်း လှော်ဆော်တာမ မွှားနိုင်မှုလာဖွာ ဂျကြ လည်းသိမ့်မွှဲ “မယ်ဆိုတော့ကြ ချမ်းရင်းခံရဲ့ပါတော့ မိကုသောအားမချမ်းပါဘူး သဘောတွေ့ချမ်းသာယဉ်ရိုင်း ဒီမှာကြည့်စမ်းလ” ဆိုလေ။ ခိုခို ထောပ်ဂေါ်ငေး ဆော့ကိုး ရွှေလျှော သွားမှုဝမ် ခလောင်ထောမ ယပ်ပိုနေရိုး။

ကုနေတော်ဝိုင် ထိုအခါ မှုဆမုဆိုးကြီး ဦးကျောက်ဖားသည် ခြန်ပေါက်ဥတ္တလက်ပိုပေါ်ပြုတ်ကဲ့သို့ ထုတ်ထုတ်ရွင်းမှုတော မျက်နှာ မှုမှုကွဲကွဲ ပြိုက်ပြုံးမှန်းတွေ့ အမြွှေးတြားကြီးနှံရာ မြင်ဝါနေသော ဖောက်ဆဲ ချေကြူ ရိုမ်ရှင် နှင်းကျော်ကြီးကို တွေ့ရတော့သည်။ အရောင်အသွေးဖြင့် မှင်းစာ မျက်လုံး ပြောင်မြင်အိ မျက်လုံးမှာ ခံသေးတဲ့တိုင်းရှည်ကာ မီးကျွဲညှိ ကိုနှိုင်သို ရဲရဲနီကြား အနီအစက်များမှာ တွက်ပနေသည့်အတော မှုပ်ထိတ်ကြ

[illegible]

[illegible] “မကြောက်ပါနဲ့ကွာ၊ ငါအခုဖြစ်နေတဲ့ ရုပ်သဏ္ဌာန်ကို မင်းအခုမှနဲ့သိအောင် ပြရတာပါ။ သေသွားတဲ့ ဝိညာဉ်ကို ပြောရမယ်ကွာ။ ငါတို့လူထဲကို ရုပ်ဝတ္ထုမပါရောက်ရှိလာအောင် နည်းအမျိုးမျိုးခြောက်လှန့်ဖို့ဆိုပါတော့ [illegible] မင်းနဲ့ငါ အမှုလိုက်တဲ့အခါ တော်တော်ခြောက်ခံရသလို [illegible] အေးကွာ မပြောရဦးမယ် [illegible] ရေချိုကန် [illegible] တဲ့ မုဆိုးမင်းရှိမှသာကိုယ့်ကိုသုတ်သင်ပြီး ငါ့လက်အောက်ခံ [illegible] ဝိညာဉ်တွေကို ဝေငှကြွေးလိုက်ရတာပါပဲ။ အဲဒီတော့ မင်းကောက်ချက်ချလို့ရတဲ့ကိစ္စ [illegible] ဝိညာဉ်ကို [illegible] တော်တော်ကောင်းနေတာကလား။

[illegible] ဝိညာဉ်တို့ ပြောနေစဉ် [illegible] အချမ်း [illegible] သစ်ပင်များကို [illegible] နောက်ခေါက် [illegible]

“အဲဒီငါးယောက်သော မုဆိုးတွေဟာ [illegible] အချိန်အနေအထားက အသိအကျွမ်းတွေပါ။ ဒါပေမဲ့ ဘဝက ခြားတော့ [illegible] ရှိလာသဆို

တော့ သုတ်သင်ရတာပေါ့ကွာ၊ ဩော် . . .ဒါနဲ့ နန်းအောင်ရေ၊ မင်းကို ပြောရဦးမယ်ကွ၊ မနေ့ကတည်းက ဒီတောထဲကို ရှားရှား ပါးပါးရောက်လာတဲ့ မုဆိုးနှစ်ယောက်ရှိတယ်၊ မုဆိုးဖိုးကျူးနဲ့ သာ ထောင်ဆိုတဲ့ကောင်၊ တို့က အမျိုးမျိုးခြောက်လှန့်ပြီး သူတို့ကို သစ် ပင်ပေါ်တက်နိုင်းထားတယ်၊ အဲ မိုးလင်းရင် အဲဒီကျွဲညောင်းပင်ကြီး ရဲ့ မြောက်ဖက်ရှူးရှူး ခြေလှမ်းတစ်ရာအကွာလောက်က တွင်းထဲ ရောက်အောင် ငါ့တပည့်တွေ လုပ်ကိုင်ကြဖို့ ငါညွှန်ကြားထားတယ်၊ မနက်မိုးလင်းမှ ငါနဲ့ငါ့တပည့်တွေ အောင်သေအောင်သားစားရဦး မှာပေါ့ကွာ၊ ဩော် ဒါနဲ့ မင်းခဏစောင့်နော်"

နန်းအောင်တစ်ယောက် မည်သို့မျှ ပြန်မပြောနိုင်မီ နက် ကျော်ကြီး၏ ခန္ဓာကိုယ်က အရိပ်သဏ္ဍာန်ဒ္ဒန်အလား တောင်ကမူ ပေါ်သို့ ခုန်တက်ပျောက်ကွယ်သွားတော့သည်။ နန်းအောင်မှာ မီးလုံ့ ရင်းမှ တစ်ချိန်က အသုံးခံမင်ခဲ့သည့် မိတ်ဆွေမုဆိုးကြီး ဦးကျောက် ဖား သို့မဟုတ် ငှသံကြားတောင်မှ နတ်ကျော်ကြီးအဖြစ်ကို တွေး တောနေမိပေ၏။

"ဘုတ် . . ."

ထိုအချိန်၌ မီးဖိုဘေးသို့ တောဝက်သေကြီးတစ်ကောင်ကျလာကာ တစ်ပြိုက်နက်မှာပင် နက်ကျော်ကြီးလည်း ရောက်လာ၏။

"မရ ရတနာဆွဲခဲ့ရတာကွ၊ မင်းဟာ ဟိုအရင်ကတည်းကတော့ ပေါက်တစ်ပေါက်ကို ဖိုခနဲဆွဲဖွဲ့ကာ နန်းအောင်ကို ပေးသဖြင့်၎င်းက မီးဖိုတွင် လှည့်ပတ်ကင်နေ၏။ နက်ကျော်ကြီးကမူ···တောဝက်ကြီးက ကာလီစာများပါ မကျန် အစိမ်းစားလျက်ရှိနေရင်းနန်းအောင်ကို တစ်စေ့တစ်စောင်းကြည့်နေလေသည်။ ဤသို့ စားရင်းမှနက်ကျော်ကြီးက ဟေ့ကောင်နန်းအောင်၊ တို့ရဲ့ သခင်မ ဖြေသလာဝတီဟာ အင့်မတန်စိတ်ကောင်းရှိပြီး ဘုရား၊ တရား မြတ်ကြွသူဟာခြောက်လှန့်ဖို့သာမှာထားပေမယ့် ငါနဲ့ငါ့တပည့်တွေကတော့ သေအောင် ခြောက်လှန့်ပြီးမှ စားသောက်ကြတာကလား။ ဟီး···ဟီး···ဟီး" ဟုဆို၏။

နန်းအောင်က မီးကင်သဖြင့် မွှေးကြိုင်နေသော အသားတချို့ကို ကိုက်ဝါးပြီးနောက်

"ကိုကျော်ကော်ဖျာစီး၊ အခု ခင်ဗျားဖြစ်နေရတဲ့ဘဝကို

ကျွန်တော်သိပါပြီဗျာ၊ ခင်ဗျား ကျွန်တော့်ကို ခွဲထုတ်လိုက်သလား" မေးတော့ နက်ကျော်ကြီးက ပုလဲပုံပဲ သောင်းဝါးသွေးကိုမှ ပါးစပ်ထဲ ပေးချင်နေသည့် သွေးစသွေးနများအား အမွှေးထူလဲ့ ချစ်လက်ကြီးနှင့် သုတ်ရင်း

"ဟာကောင် ... လူ့ဘဝမှာထိုက်... သွားမယ်ဆိုတာတော့ မရှိတဲ့ငါဟာ မင်းကိုသာ အခွင့်ဆုံးဆိုတာ မင်းသိပါတယ်ကွာ" "ဟုတ်ကဲ့ ... ပြန်ပြောမယ်

"ကောင်းပါပြီဗျာ၊ ဒါဆိုရင် ခင်ဗျားရှိရာ ပေဟိုဒိတောထဲကို ကျွန်တော်မကြာခဏလာနိုင်အောင် ကြိုးစားမယ်၊ ဘယ်နှယ့်လဲ"

"သိပ်ကြိုက်ပေါ့ကွာ"

"နောက်ပြီး တစ်ချိန်ချိန်မှာ ခင်ဗျားရဲ့ဘဝမ ပြဿနာ ဝတီနဲ့လည်း တွေ့နိုင်အောင် ကျွန်တော်ကြိုးစားပါ့မယ်"

"ကောင်းတယ် ... ကောင်းတယ်"

"ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲကွ"

"ဘာဖြစ်သလဲဆိုရင် မနက်ကျရင် ခင်ဗျားနဲ့ ခင်ဗျားတို့ပြည့် တဲပန်းတွေ တခေါ်တပါးဆောင်ရာ သားရဲတွင်းမှာ မိနေမယ့်

မုဆိုးဖိုးကျူးနဲ့ သာဓေယောင်တို့ကို လွှတ်ပေးလိုက်ပါ။ ကျွန်တော် ပြန်ပို့ပေးလိုက်ပါရစေဗျာ"

အနန်

နောက်ဆုံးကျန်ရှိသည့် တောဝက်သားကြီးတစ်တုံးကို ကိုက်ဝါးရန် ပြင်ဆင်နေသော နက်ကျော်ကြီးမှာ နန်းအောင်စကားကြောင့် အံ့အားသင့်သွားရ၏။

"အဲဒီလူတွေကို ဒုက္ခမပေးအောင် ခင်ဗျားတပည့်တွေကို လည်း အမိန့်ပေးလိုက်ပါဗျာ"

နက်ကျော်ကြီးမှာ ၎င်းချစ်သော ၊ ခင်သော၊ မိတ်ဆွေ နန်းအောင်၏ မျက်နှာကိုစိုက်ကြည့်ကာ အတန်ကြာမှ ခပ်လေး လေး ခေါင်းညိတ်လိုက်လေ၏။

"အဖြစ်အပျက်ကတော့ အဲဒါပါပဲဗျာ"

သစ်တောအုပ်ကလေး သို့မဟုတ် မုဆိုးကိုနန်းအောင် က ဤသို့စကားကို အဆုံးသတ်လိုက်ရာ မုဆိုးဖိုးကျူးနှင့် သာဓေယောင် တို့မှာ မထင်မှတ်စွာ ကံကောင်းရသည့် ၎င်းတို့အဖြစ်ကို မယုံနိုင် အောင် ရှိပေတော့၏။

ပြီးမှ မုဆိုးဖိုးကျူးက…

"ဩော်…ဒါကြောင့် ကျွန်တော်တို့သားရဲတွင်းမှာ ရှိနေမယ်ဆိုတာ ကိုနန်းအောင်သိနေတာကိုး ကျေးဇူးကြီးလှပါပေတယ်ဗျာ၊ တော်ပါပြီ၊ တော်ပါပြီ ဒီကနေ့ကစပြီး ရွာပြန်ရောက်တာနဲ့ ကျွန်တော်ဖြင့် မုဆိုးဘဝကို အဆုံးသတ်လိုက်တော့မှာပါ"ဟု ကတိပေးလိုက်၏။

သာထောင်ကလည်း

"ကျွန်တော်လည်း ကတိပေးပါတယ်၊ မုဆိုးအလုပ်တင်မက ပါဘူး၊ တံငါဖားလောင်းအလုပ်၊ အို…ကုန်ကုန်ပြောရရင် သူတစ်ပါးအသက်ကို သတ်ရတဲ့အလုပ်မျိုး လုံးဝလုံးဝမလုပ်တော့ပါဘူးဗျာ"ဟု၏။ နန်းအောင်ကမူ

"အေးဗျာ၊ ကျွန်တော်လည်း ခင်ဗျားတို့နည်းတူ ဒီနေ့ကစပြီး မုဆိုးအလုပ်ကို စွန့်လွှတ်ပြီး ကျွန်တော့်မိတ်ဆွေကြီး ဦးကျောက်ဖားတစ်ယောက် ဒီဘဝက ကျွတ်လွတ်ဖို့အတွက် ရည်ရွယ်ပြီး ကောင်းမှုကုသိုလ်တွေ ပြုရဦးမယ်လေ"ဟု ပြောလိုက်၏။ ဤသို့ဖြင့် နောင်တကိုယ်စီဖြင့် မုဆိုးသုံးယောက်သည် လွန်စွာထိတ်လန့်ချောက်ခြား

ပွယ်ရာများ ပြည့်နက်နေသည့် မတ္တရာတောအုပ်ကြီးမှ ရွာလမ်းဆီ
သို့ ထွက်လာခဲ့ကြလေသတည်း။

❖ ❖ ❖

# စိတ်ဓါတ်ပြသန်း